မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်နှင့်တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M. Mosharraf Hossain နှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧည့်ဂေဟာသီရိပဗ္ဗတမာန်ဆောင်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၁* ●

တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာကောင်းများ အောင်မြင်ဖြစ်ထွန်းရေးကြိုးစားဆောင်ရွက် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးလုပ်ငန်းစဉ်များ ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒများဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့နံနက် ၈နာရီတွင် ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြဝတီမြို့ မြန်မာ–ထိုင်းချစ်ကြည်ရေး တံတားပေါ်မှ သောင်ရင်းမြစ် ရေစီးရေလာ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း **အယ်ဒီတာ့ အာဘော်** (၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စေရန် ဝိုင်းဝန်းကြိုးပမ်း

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်တွင် ပေါ်ပေါက်ခဲ့ရသည့်အခြေအနေများကြောင့် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံ့တာဝန်များကို ရယူခဲ့ရသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်များကို စတင်ရယူစဉ်ကပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှ အရေးကြီးသော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသည်။

ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အစဉ်အမြဲထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရမည့် အမျိုးသားရေး တာဝန်များပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ပစ္စုပ္ပန်ကာလ အတွက်သာမက နောင်သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းပေးသွားရမည့် အမျိုးသားရေးတာဝန် များလည်း ဖြစ်သည်။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များ စတင်ယူစဉ်ကပင် ချမှတ်ခဲ့သည့် အမျိုးသားရေးမူဝါဒနှင့်အတူ နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်နှင့် လူမှုရေးဦးတည်ချက်လေးရပ်တို့ကိုလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရန် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲကြိုးပမ်းခဲ့ရာ အောင်မြင်မှုအခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ဆက်လက်၍ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံး အဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၁၁ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

> **၂၀၀၄ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က ကျင်းပခဲ့သည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကို ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကို ယခု ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင် ကျင်းပမည်ဖြစ်ကြောင်း**

ပြောကြားသွားခဲ့သည်။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် အသက်တမျှ အရေးကြီးသော ညီလာခံကြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် ခိုင်မာသော အခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် အမျိုးသားရေး အနှစ်သာရ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကျင်းပနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စေရန် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပုသိမ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပုသိမ်အသင်း (ရန်ကုန်)မှ (၈၄)နှစ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃ (စီ) ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅နှစ်နှင့်အထက်ရာသက်ပန်အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၃–၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများ ဇန်နဝါရီလ ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ ဆက်သွယ် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း–၆၆၃၂၄၂၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း–၂၉၀၄၇၇၊ ၂၉၇၉၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ပုသိမ်အသင်းတိုက် ဖုန်း–၃၇၉၂၅၈ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်းနှင့် ပုသိမ်အသင်းဝင်များ၊ ရန်ကုန်မြို့ရောက် ပုသိမ်မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ပထမဆု ချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမက(၅)တွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဖြိုးသီဟကျော်အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေက ဆုချီးမြှင့်စဉ်။ (က–ပ)

ကျုံပျော် အထက (ရွှေရတုအကြို) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ဒုတိယအကြိမ် ကျုံပျော်အထက (ရွှေရတုအကြို) အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၂ရက်နှင့်၂၃ရက်တွင်ကျင်းပမည်ဖြစ်သည်။ အသက် ၆၀ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အာစရိယပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်မည့် ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်ဟောင်းများ ဇန်နဝါရီ ၂၂ရက် နံနက် ၇ နာရီ အရောက် ဒဂုံရောအဝေးပြေး စခန်းရှိ ခေတ်မီ–ကျုံပျော် ကားဂိတ်သို့ ကြွရောက်ကြပါရန်နှင့် ဆက်သွယ်မေးမြန်း လှူဒါန်းလိုသူများသည် ဗိုလ်ကြီးစိန်သန်း (ငြိမ်း) ဖုန်း၀၉–၂၀၀၆၂၆၄၊ (ကျုံပျော်မြို့နယ် အသင်း)၊ ဒေါက်တာဝင်းအောင် ဖုန်း၀၉–၅၀၁၅၃၈၈၊ဦးသန်းစိုး ဖုန်း၀၉–၉၉–၂၅၇၁၂၊ ဦးမြင့်သောင်း ၅၈၄၅၇၇၊ ဒေါ်ရွှေမိ ၇၀၀၇၅၇နှင့် ခေတ်မီကားဂိတ် ၆၈၅၃၀၀ လိုင်းခွဲ ၃၃၉ ပုသိမ်၊ ဒေါက်တာမင်းဆောင် ၀၄၂–၂၄၂၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၃–၁–၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄း၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Short Stories (The Stolen Litter) (အင်္ဂလိပ်စာအထူးပြု)
- ၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
- ၆း၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း–၃၄)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြန်မာ့ရှုခင်း
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၁၂)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၆၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်း၌ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးကံညွန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းဦးတို့က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်သိန်းအား ပေးအပ်စဉ်။ (က–ပ)

✡ **ရှေ့ဖုံးမှ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ် ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. A.B. Manjoor Rahim လည်း တက်ရောက်သည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဘားအံမြို့ သောက်သုံးရေတိုးချဲ့ဖြန့်ဝေရေး ဖြည့်ဆည်းပေး မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် ဇန်နဝါရီ၁၁ရက်တွင် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အနော်ရထာလမ်း ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကရင်ပြည်နယ် အုပ်ချုပ်ရေးမှူးဦးမောင်မောင်၊ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မြို့တွင်းလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ရန်မှာကြားသည်။ (အပေါ်ပုံ)

အဆိုပါ လမ်းသည် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေရှိပြီး ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၅ဒသမ၂ သိန်း၊ စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၂၁ သိန်း စုစုပေါင်း ငွေကျပ် ၅၆ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ရောက်ရှိ၍ သင်တန်းသူများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် ဆွယ်တာထိုးသင်တန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်က သင်ကြားမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို တင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လူငယ်သင်တန်းကျောင်း ဆောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးသည်။

ရေပေးဝေရေး

ထို့နောက် ဝန်ကြီးသည် ဘားအံမြို့သို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ဘားမဲတောင်ပေါ်သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိန်ဝင်းက လက်ရှိ ရေပေးဝေရေး ဆောင်ရွက်မှုနှင့် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြပြီး ဝန်ကြီးက ဘားအံမြို့သို့ သောက်သုံးရေ တိုးချဲ့ဖြန့်ဝေရေး အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမအထကကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

သရက်ခရိုင် ကံမမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကံမမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ကံမအထက မြဝတီခန်းမ၌ ဖေဖော်ဝါရီ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအတွက် ကံမအထက၌ တည်းခိုစားသောက်ရေးများ ကြိုတင်စီစဉ်ထားရှိမည်ဖြစ်ပြီး ရန်ကုန်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ လိုက်ပါကန်တော့နိုင်ရန်အတွက် ရန်ကုန်–ကံမ အသွားအပြန် ယာဉ်များစီစဉ်ထားရာ ဖေဖော်ဝါရီ၅ ရက် နံနက် ၆ နာရီ တွင်ကမာရွတ်မြို့နယ်တက္ကသိုလ်များဓမ္မာရုံရှေ့စုရပ်မှ မော်တော်ယာဉ်များ စတင်ထွက်ခွာမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီး ဝင်းအောင် ဖုန်း–၅၄၁၇၇၃၊ ၃၈၁၈၄၀၊ ဦးအောင်တိုး ဖုန်း–၀၉–၉၉–၂၄၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀နှင့် ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့သမဝါယမရာပြည့်အထိမ်းအမှတ်ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် အရောင်းပြခန်းများ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၁၂

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမကုန်သွယ်ရေးဗဟိုဌာန (ဆရာစံပလာဇာ)၌ ဆဋ္ဌမမြောက်နေ့အဖြစ် ခင်းကျင်းပြသလျက်ရှိသော မြန်မာ့သမဝါယမ နှစ်၁၀၀ပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅သို့ ရောက်ရှိလာပြီး ခင်းကျင်းပြသထား သော ပြည်နယ်/တိုင်းသမဝါယမ ပြခန်းများ၊ ပုဂ္ဂလိကအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ ဆရာစံပလာဇာ မြေညီထပ်တွင် မြစိမ်းရှင်သမဝါယမအသင်းမှ ပုဂံစူပါမားကက်ကိုဇန်နဝါရီ၅ရက်က စတင်ဖွင့်လှစ် ရောင်းချပေးနေစဉ်။
(က–ပ)

ဝန်ကြီးအားသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာ ဦးစောဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် ပထမထပ်တွင် ကယားပြည်နယ်ပြခန်း၊ သမဝါယမ ရာပြည့်အထိမ်းအမှတ်ပြခန်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်ပြခန်းများ၊ ရွာတစ်ရွာထုတ်ကုန် တစ်မယ်ပြခန်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းပြခန်းများ၊ ဒုတိယထပ်တွင် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနပြခန်း၊ ကချင်တိုင်းရင်းဆေး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အမေရိကန် ဆာဖရွန်ဆေးပြခန်းနှင့် ပုဂ္ဂလိက အရောင်းဆိုင်များ၊ မြေညီထပ်ရှိ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း၊ သန်းဆွေသစ်အချောထည် ထုတ်လုပ်ရေး သမဝါယမအသင်း၏ ပရိဘောဂအရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဦးစီးကော်မတီရုံးခန်းမတွင် ပြည်နယ်၊တိုင်းများမှ ကိုယ်စားလှယ်များအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မြန်မာ့ သမဝါယမ ရာပြည့် အထိမ်း အမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅တွင်ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ (ဒီ)ရုံ၊ တော်ဝင် ဖက်ရှင် လှဝတ်စုံ အရောင်းပြခန်းမှ အသင့်ချုပ်ပြီး အမျိုးသမီး ဝတ်အထည်များကို ဝယ်ယူအားပေးသူများဖြစ်ငဲ့ စည်ကားလျက်ရှိစဉ်။
(က–ပ)

လက်ခံရယူ

ၶင်းနောက် အင်္ဂလန်နိုင်ငံနေ ဦးတင်အောင်–ဒေါက်တာဒေါ်ခင်လှရွှေတို့က ယွန်းပညာကောလိပ်၊ ယွန်းပြတိုက်အတွက်လှူဒါန်းသော ရှေးဟောင်းယွန်းလေးဆင့်ချိုင့်ကြီးတစ်လုံးကို အလှူရှင်များကိုယ်စား ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် မိုးမခလမ်းနေ ဒေါ်သိန်းသိန်းစိုးက လှူဒါန်းရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ သမဝါယမရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကို ဇန်နဝါရီ၁၃ရက် (ယနေ့) နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗြိတိန်နိုင်ငံသားအများစု ဘရောင်းအား ဝန်ကြီးချုပ်ဖြစ်စေလို

လန်ဒန် ဇန်နဝါရီ ၁၁

ဗြိတိန်နိုင်ငံသားအများစုသည် တရားရေးဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းအား တိုနီဘလဲထက် ဝန်ကြီးချုပ်အဖြစ် ပိုမိုလိုလားကြောင်း တနင်္ဂနွေနေ့ကပြုလုပ်သည့် သဘောထားစစ်တမ်းအရ သိရသည်။

ကမ္ဘာ့သတင်း (နယူးစ်အော့ဖ်သည်ဝေါလ်)အတွက် ပြုလုပ်သည့် အိုင်စီအမ် သဘောထားစစ်တမ်းတွင် အာဏာရလေဘာပါတီက ပြိုင်ဘက်ကွန်ဆာဗေးတစ်များကို ၃၈ရာခိုင်နှုန်း၊ ၃၁ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲမလုပ်မီ လေးလအလို၌ ဦးဆောင်နေကြောင်း ပြသခဲ့သည်။

ဖြစ်စေလို

လစဉ်ပြုလုပ်နေကျ ဘလဲ၏ သတင်းစာရှင်းပွဲနှင့် အချိန်ကိုက်လျက် ဗြိတိန်နိုင်ငံ၏ သြဇာအထက်ဆုံးပါတီကြီးနှစ်ခုမှ အမတ်များ၏ကြား တင်းမာမှုများသည် ပြန်ပေါ်လာခဲ့ကြသည်။ သဘောထားကောက်ယူသူ ၂၇ရာခိုင်နှုန်းက ဘရောင်းကို ဝန်ကြီးချုပ်ဖြစ်စေလိုကြပြီး ၂၆ရာခိုင်နှုန်းက ဘလဲကို ဝန်ကြီးချုပ် ဖြစ်စေလိုကြသည်။

တွေ့ဆုံ

ကြာသပတေးနေ့တွင် ဘလဲသည် ဘရောင်းမိန့်ခွန်းပြောကြားချိန်နှင့် တစ်ထပ်တည်းအချိန်တွင် သတင်းစာဆရာများနှင့် တွေ့ဆုံခဲ့သည်။ ဘရောင်းသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအား အကူအညီပေးရေး မိန့်ခွန်းကို ပြောကြားနေခိုက်တွင် ဘလဲက သတင်းစာဆရာများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အိုင်စီအမ်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့၌ အရွယ်ရောက် လူကြီး၁၀၃၀ကို တွေ့ဆုံကာ သဘောထား ကောက်ယူခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့တွင် သတင်းဆက်သွယ်ရေးလုပ်ငန်းတစ်ခု၌ တာဝန်ထမ်းဆောင်နေကြသူများကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုက်တန်းနစ်ရုပ်ရှင်ကားဖြင့် ကျော်ကြားခဲ့သူ ကိတ်ဝင်းစ်လက်သည်အော့ဖ်ဖစ်ရုပ်ရှင်ကားဖြင့် အကယ်ဒမီဆုရရန် ရေပန်းစား

လန်ဒန် ဇန်နဝါရီ ၁၁

ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် တိုက်တန်းနစ်ရုပ်ရှင်ဖြင့် အောင်မြင်ကျော်ကြားခဲ့သော ရုပ်ရှင်သရုပ်ဆောင် ကိတ်ဝင်းစ်လက်သည် ဗြိတိသျှဟာသသရုပ်ဆောင် ရစ်ကီဂါဗက်စ်နှင့်အတူ သရုပ်ဆောင်ပါဝင်ခဲ့သော သည်အော့ဖ်ဖစ်ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီဆုအတွက် ရေပန်းစားလျက်ရှိကြောင်း သည်ဆန်းသတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

ထို့အပြင် ဗြိတိသျှရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျူဒီလောလည်း Extras ရုပ်ရှင်ဖြင့် အကယ်ဒမီရရှိရန် ရေပန်းစား နာမည်ကြီးလျက်ရှိကြောင်းလည်း သိရသည်။

ကိတ်ဝင်းစ်လက်သည် အသက် ၂၉နှစ်ရှိပြီဖြစ်ကာ ယခင်က တိုက်တန်းနစ်၊ Sense and Sensibility နှင့် Irisရုပ်ရှင်ဇာတ်ကားတို့ဖြင့် အကယ်ဒမီဆုအတွက် ရွေးချယ်ခံခဲ့ရသည်။

ရေးသား

ယင်းကဲ့သို့ ကြီးမားသော အောင်မြင်မှုသည် ကိတ်ဝင်းစ်လက်နှင့် ဂျူဒီလောတို့အနေဖြင့် ဟောလီးဝုဒ်တွင် ပြောင်မြောက်သော ဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ကြခြင်းကို ဖော်ပြလျက်ရှိကြောင်း သည်ဆန်းသတင်းစာက ရေးသားသည်။

ရွှေကမ္ဘာလုံးဆု

သည်အော့ဖ်ဖစ် ရုပ်ရှင်ဇာတ်ကားသည် ပြီးခဲ့သည့်၂၀၀၄ခုနှစ်က ရွှေ ကမ္ဘာလုံးဆု နှစ်ဆုရရှိခဲ့သည့်အပြင် ဗြိတိန်နိုင်ငံ၏ ဘာ့ဖ်တာ ရုပ်မြင်သံကြားဆုလည်း ရရှိခဲ့သည့် ဇာတ်ကားဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဒတ်ချ်နှင့် ဂျပန်တို့၏ စကားသံကွဲပြားခြားနားမှု ကြွက်များက ခွဲခြားနိုင်ကြောင်း သုတေသီများ ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၁၁

ဒတ်ချ်နှင့် ဂျပန်လူမျိုးတို့၏ စကားသံကွဲပြားခြားနားမှုကို ၎င်းတို့ပြောကြားသည့် ဘာသာစကား၏ ဌာန်ကရိုဏ်းကျမှုကို အသုံးပြုပြီး ကြွက်များက ပြောဆိုပြသနိုင်ကြောင်း စပိန်နိုင်ငံရှိ သုတေသီများက တနင်္ဂနွေနေ့၌ ပြောကြားလိုက်ကြသည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်များက လူသားတို့ပြောကြားသည့် ဘာသာစကား၏ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အသုံးပြုမှုကို တိရစ္ဆာန်များ အထူးသဖြင့် နို့တိုက်သတ္တဝါများသည် အဆင့်ဆင့် ကျွမ်းကျင်မှုရှိလာခဲ့ကြကြောင်းကို ပြသည်ဟု သုတေသီများက ပြောကြားသည်။

စမ်းသပ်ပြုလုပ်

သုတေသီများဖြစ်ကြသော အာရုံကြောသိပ္ပံပညာရှင် ယွန်တိုရီနှင့် လုပ်ဖော်ကိုင်ဖက်များသည် ၎င်းတို့၏ လေ့လာမှုအတွက် ဘာစီလိုနာသိပ္ပံဥယျာဉ်၌ ကြွက်ထီးအကြီး ၆၄ကောင်ကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

အစောပိုင်း၌ ပြုလုပ်ခဲ့သော အလားတူ စမ်းသပ်မှုများတွင် ဒတ်ချ်နှင့် ဂျပန်လူမျိုးများ၏ ဘာသာစကားများကို အသုံးပြုခဲ့ခြင်းကြောင့် ၎င်းတို့သည် ဒတ်ချ်နှင့် ဂျပန်လူမျိုးများကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဒတ်ချ်နှင့် ဂျပန်လူမျိုးများသည် စကားပြောဆိုရာ၌ စကားလုံးတစ်လုံးနှင့် တစ်လုံးမတူခြင်း၊ ဌာန်ကရိုဏ်းကျမှု မတူခြင်းနှင့် ဖွဲ့စည်းပုံ မတူညီခြင်းတို့ကြောင့်လည်း ဒတ်ချ်နှင့် ဂျပန်လူမျိုးများကို အသုံးပြုရခြင်းဖြစ်သည်ဟု ဆိုသည်။

အသုံးချ

ဒတ်ချ်သို့မဟုတ် ဂျပန်လူမျိုးဖြစ်သည်ကို တုံ့ပြန်ပြောဆိုနိုင်ရန် ကြွက်များကို လေ့ကျင့်သင်ကြားပေးရာတွင် အစာကို ဆုအဖြစ် အသုံးချပြီး လေ့ကျင့်သင်ကြားပေးရသည်ဟု သိရသည်။

လေ့ကျင့်ထား

ဂျပန်လူမျိုးဖြစ်ကြောင်း တုံ့ပြန်ပြောဆိုနိုင်ရန် လေ့ကျင့်သင်ကြား ပေးထားသည့် ကြွက်များသည် ဒတ်ချ်လူမျိုးဖြစ်ကြောင်းကို တုံ့ပြန်ပြောပြခြင်းမပြုဘဲ ဒတ်ချ်ဘာသာ စကားပြောသူအားလည်း ဒတ်ချ်လူမျိုးဖြစ်ကြောင်း တုံ့ပြန်ပြောဆိုရန် လေ့ကျင့်သင်ကြားပေးထားသည့် ကြွက်များက ဂျပန်လူမျိုးဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခြင်း မပြုဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ

အရက်မူးသမားတစ်ဦးကြောင့် လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရ

မော်စကို ဇန်နဝါရီ ၁၁

ရုရှားခရီးသည်တင် လေယာဉ်တစ်စင်းပေါ်တွင် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား လေယာဉ်ပေါ်၌ လိုက်ပါလာသော အရက်မူးယစ်နေသူ အရက်သမားတစ်ဦးက တိုက်ခိုက်ရန်ကြိုးစားခဲ့သဖြင့် စနေနေ့က အဆိုပါလေယာဉ်ကို အိုက်စ်လန်ကျွန်းပေါ်သို့ အရေးပေါ် ထိုးဆင်းခဲ့ရကြောင်း လေကြောင်းဆိုင်ရာ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

ထိန်းသိမ်းခဲ့

တိုရွန်တို-မော်စကိုလေကြောင်းလိုင်းတွင် ပျံသန်းနေသော အဆိုပါလေယာဉ်မှ ၎င်းအရက်မူးသမားကို ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရကြောင်းလည်း ရုရှားနိုင်ငံ၏ အီးစ်ဟိုမိုစဘိုင် ရေဒီယိုက ပြောကြားသည်။

ယင်းကဲ့သို့ လေယာဉ်ကို အိုက်စ်လန်ကျွန်းပေါ်သို့ ထိုးဆင်းခဲ့ပြီးနောက် မြေပြင်ရောက်ချိန်တွင် ရဲတပ်ဖွဲ့ကို အကြောင်းကြားရန် လေယာဉ်မှူးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များက လာရောက်ကာ ယင်းအရက်မူးသမားကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သည်ဟု လေကြောင်းဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ အရက်မူးသမားသည် လေယာဉ်မှူးကို လက်သီးနှင့်ထိုးကြိတ်ခဲ့ကြောင်းလည်း အဆိုပါရုရှားရေဒီယိုက အသံလွှင့်ပြောကြားချက်တွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ကယ်လီဖိုးနီးယားပြည်နယ်၌ မိုးသည်းထန်ပြီး နှင်းမုန်တိုင်းများတိုက်ခတ်

ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၁၀

ကယ်လီဖိုးနီးယားပြည်နယ်တွင် စနေနေ့က မိုးများသည်းထန်စွာရွာသွန်းပြီး နှင်းမုန်တိုင်းများတိုက်ခတ်ခဲ့ရာ ရေကြီးပြီးမြေများပြိုကျခဲ့သဖြင့် ကယ်လီဖိုးနီးယားတောင်ပိုင်းမှ ဆန်ဖရန်စစ္စကိုနှင့် ဆီရာရာနီဗားဒါးသို့ ခရီးသွားလာမှုများ အခက်အခဲကြုံခဲ့ရသည်။

ဆီ ရာ ရာ နီ ဗား ဒါး မြောက်ပိုင်းတစ်လျှောက်တွင် အင်္ဂါနေ့၌ နှင်းထု ၈ပေအထိရှိမည်ဟုခန့်မှန်းရပြီး လေပြင်းတိုက်ခတ်မှုမှာလည်း တစ်နာရီမိုင် ၁၆၀နှုန်းရှိကြောင်း နီဗားဒါးရှိ ရာသီဥတုဌာနမှ ဂေးဘာဘာတိုက ပြောကြားသည်။

လော့စ်အိန်ဂျလိစ် အရှေ့ဘက်ရှိ ဆန်ဘန်ဒါဒီနို အမျိုးသားသစ်တောအတွင်း စနေနေ့နံနက်ပိုင်း၌ မြေပြိုပြီး နှင်းများထူထပ်မှုကြောင့် ကားရာပေါင်းများစွာ သောင်တင်နေခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

ဖလူးဂျာမြို့ရှိ အဆောက်အအုံတစ်ခုအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တောင်ပိုင်းတွင် လက်နက်ခဲယမ်းများပေါက်ကွဲမှုဖြစ်ပွား ယူကရိန်းတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးကြောင်း ပိုလန်စစ်ဘက်ကပြောကြား

ဝါဆော ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က လက်နက်ခဲယမ်းများ ပေါက်ကွဲမှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရကြောင်း အီရတ်တွင်ရှိသော ပိုလန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ယူကရိန်း ခုနစ်ဦးနှင့် ကာဇက်ကစ္စတန်တစ်ဦးသေဆုံးကြောင်း သတင်းကို မိမိတို့ အတည်ပြုပြောကြားနိုင်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားပြီး ယင်းမှာဝါဆစ်ပြည်နယ်တွင် မတော်တဆ ဖြစ်ရပ်တစ်ခုကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဂနာတောစကီက ပြောကြားကြောင်း သိရသည်။

သေဆုံး

အီရတ်နိုင်ငံတောင်ပိုင်းတွင် ပိုလန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ စစ်ဘက်ဆိုင်ရာ အရာရှိကြီးတစ်ဦးဖြစ်သူ အင်ဒါဇီအီကီရက်ကလည်း တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း ပီအေပီသတင်းဌာနကို ပြောကြားသည်။

ယင်းကဲ့သို့ ယူကရိန်းတပ်ဖွဲ့ဝင်များ သေဆုံးရမှုကြောင့် အီရတ်တွင် ရောက်ရှိနေသော ယူကရိန်းတပ်ဖွဲ့ဝင် ၁၆၀၀ကိုရုပ်သိမ်းရန် ယူကရိန်းပါလီမန်က သမ္မတ လီရိုနစ်ကွတ်မာအား ပြောကြားလျက်ရှိကြောင်း သိရသည်။

စီစဉ်

အမေရိကန်၏ မဟာမိတ်တစ်ဦးဖြစ်သူ ပိုလန်နိုင်ငံကလည်း အီရတ်တွင် ဖြန့်ချထားသော ပိုလန်တပ်ဖွဲ့ဝင် ၂၄၀၀မှလာမည့်ဖေဖော်ဝါရီလတွင် တပ်ဖွဲ့ဝင်သုံးပုံတစ်ပုံကို လျှော့ချရန်နှင့် ယခုနှစ်ကုန်တွင် တပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများလူနေမှုဘဝတိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး လက်တွေ့လုပ်ကိုင်မှုဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူများနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမဌကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ သင်တန်းသားများ တက်ရောက်ကြသည်။

လက်တွဲပူးပေါင်း

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်နှင့်အညီ စည်းကမ်း ပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၊ နိုင်ငံရေး အကူးအပြောင်း ဖြစ်စဉ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးဆောင်ရွက်မှုသည် ယခင်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးတို့ထက် ပိုမိုတိုးတက် သိမ်မွေ့နက်နဲပြီး အမျိုးသားနိုင်ငံရေးအနှစ်သာရများ ပါရှိလာကြောင်း၊ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုအောက်တွင်၂၁ သန်းကျော်သော အသင်းဝင်အင်အားနှင့် ဦးတည်ချက်၊ ရည်မှန်းချက်တူ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့်စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်များ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အသင်းနာယကကြီးဗိုလ်ချုပ်မှူးကြီး သန်းရွှေက အဆင့်မြင့်စီမံခန့်ခွဲရေး သင်တန်းဆင်းပွဲတွင် **"အရေအတွက်သည်အင်အားမဟုတ်ဘဲအရည်အချင်းရှိမှသာ အင်အားဖြစ်လို့ အရေအတွက်ကို အရည်အချင်းအဖြစ် ကူးပြောင်းရေးအတွက် ယုံကြည်ချက်၊ ခံယူချက်ဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာဘဝကို အခိုင်အမာတည်ဆောက်ပေးရန်လိုကြောင်း၊ အသင်းကြီးရဲ့ ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ တာဝန်များကို အမှန်တကယ် ယုံကြည်သက်ဝင်ပြီး အခွင့်အရေးတည်းဟူသောအကြောင်းကြောင့်လည်းကောင်း၊ အသက်အန္တရာယ်တည်းဟူသော အကြောင်းကြောင့်လည်းကောင်း အသင်းကြီးကို စွန့်ခွာမသွားသည့် အရည်အချင်း ပြည့်ဝသော အင်အားများဖြစ်လာအောင် ကျစ်လျစ်သိပ်သည်း ခိုင်မာသော စည်းရုံးရေးကို တည်ဆောက်ရမယ်"**လို့ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နာယကကြီး၏ လမ်းညွှန်ချက်အတိုင်း သန့်ရှင်းသော အသင်းဝင်များကို အရေအတွက်သာမက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ အရည်အချင်းနှစ်ရပ်လုံး တိုးတက်လာစေရန် စီမံချက်များချပြီး စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ပြည်သူ့ ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု ပညာသင်တန်းသည် ဤလေ့ကျင့် ပျိုးထောင်မှုများထဲက တစ်ခုဖြစ်ကြောင်း။

အပြန်အလှန်အကျိုးပြု

အသင်းဝင်များကို အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်စသည့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် တစ်ဖက်က ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့စည်းဖြစ်ပေါ်လာလျက်ရှိသော နိုင်ငံ၏ အခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး နိုင်ငံတော်ကြီးကို တိုးတက်သည်ထက် တိုးတက်အောင်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ဝတ္ထုပိုင်း အခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုသည် သဟဇာတရှိရှိ အပြန်အလှန် အကျိုးပြုဖွံ့ဖြိုးတိုးတက်နေမှလည်း နိုင်ငံတော်ကြီးသည် ကမ္ဘာတည်သရွေ့အဓွန့်ရှည်တည်တံ့ပြီး တိုင်းရင်းသား ပြည်သူများ၏ ဘဝသည်လည်း ပြည့်စုံနေမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးနှင့် ဒေသစည်းရုံးရေးကို တစ်ပြိုင်တည်း ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး လိုအင်ဆန္ဒ အခက်အခဲများကို ကူညီဖြေရှင်းပေးရင်း ရင်းနှီးယုံကြည် အားကိုးမှုရရှိလာပြီးလက်တွေ့အကျိုးပြုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ရင်း ပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင်လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးများကို လက်တွေ့လုပ်ကိုင်ခြင်းဖြင့် အသင်းကြီး၏ ဦးတည်ချက်လုပ်ငန်းစဉ်များအပေါ် ဒေသခံပြည်သူများ ယုံကြည်လက်ခံလာပြီး ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေးမှုများ ပိုမိုရရှိလာအောင် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အသင်းဝင်များ အနေဖြင့် ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာပြီး အရည်အချင်း ပြည့်ဝသော အရေအတွက်များဖြစ်ရန် လိုအပ်ကြောင်း။

လက်တွဲဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အမျိုးသားရေးအသင်းကြီးဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင်များသည် မိမိတို့ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်၏အရေးပါမှုကို သိရှိနားလည်ရန်လိုကြောင်း၊ မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ထွန်းလာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင်တတ်ရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် စိတ်ကောင်း၊ စေတနာကောင်းဖြင့် လမ်းခင်းပုံဖော် တည်ဆောက်ပေးနေမှုကိုလည်း သိရှိနားလည်ရန်လိုကြောင်း၊ ယင်းသို့ ပုံဖော်တည်ဆောက်သည့် နေရာတွင် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် (၁၂)ရပ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အသင်းကြီးက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူများနှင့်လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်ရာမှရရှိလာမည့် အသိပညာ၊ အတတ်ပညာများကိုလည်း လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုနိုင်အောင်လည်း မပြတ်လေ့ကျင့်နေကြရန်ကိုလည်း မှာကြားလိုကြောင်း၊ သင်တန်းသားများသည် ပြည်နယ်၊ တိုင်းအသီးသီးက ရွေးချယ်တာဝန်ပေးသူများဖြစ်ကြသည့်အတိုင်း သင်တန်း၌သာမက သွားလာပြုမူဆက်ဆံရာတွင်ပါ စံနမူနာပြဖြစ်အောင် ကျင့်ကြံ နေထိုင်ပြီး ကျရာတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်သွားကြပါဟု ပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံအကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ် ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.A.K.M. Mosharraf Hossain နှင့် အိန္ဒိယနိုင်ငံအစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Mani Shankar Aiyar တို့ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်း(၁)၌ တွေ့ဆုံဆွေးနွေးကြပြီး စုပေါင်း အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (စွမ်းအင်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယသုံးနိုင်ငံ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ-အိန္ဒိယနိုင်ငံ သုံးနိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက် အရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. A.K.M.Mosharraf Hossain ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar ခေါင်းဆောင်သော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၁၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်း(၁)၌ တွေ့ဆုံဆွေးနွေးကြသည်။

အကျိုးတူပူးပေါင်းရေးဆွေးနွေး

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ-အိန္ဒိယနိုင်ငံ သုံးနိုင်ငံအကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မှုလုပ်ငန်းများ၌လည်းကောင်း၊ ရခိုင်ကမ်းလွန်ဒေသမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက်လည်းကောင်း၊ ကမ်းလွန်ဒေသမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြတ်သန်း၍ အိန္ဒိယနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချရေးအတွက်လည်းကောင်း၊ အခြားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌လည်းကောင်း သုံးနိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်ထူထပ်မည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

* ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း - မိတ္ထီလာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက်၉နာရီ မိနစ်၂၀တွင် ကျောက် ပန်းတောင်းမြို့နယ် တယ်ပင်တဲ ကျေးရွာအနီးရှိ ကြက်မောက်တောင် ဆည်ရေကူပေးရေး စီမံကိန်း တမံ-၂ ဖြစ်သည့် တောင်ရေချောင်း ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာမြို့နယ် ညောင်တုန်းရေလှောင်တမံရှင်းလင်းဆောင်၌ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံတို့ကို ဆက်သွယ်သည့် ဆက်သွယ်မြောင်းများ ဖောက်လုပ်မှုအခြေအနေနှင့် ရေထိန်းတမံများ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တမံအမျိုးအစား

အဆိုပါ တောင်ရေ ရေလှောင်တမံသည် အထက်ဘက်ရှိ ကျောက်တံခါးရေလှောင်တမံမှ ဆက်သွယ်တူးမြောင်းစနစ်ဖြင့် ချပေးသည့်ရေကို ထိန်းလျက် ဆက်သွယ်တူးမြောင်းစနစ်ဖြင့်ပင် ကြက်မောက်တောင်ဆည်သို့ ရေကူပေးရန် တည်ဆောက်ထားခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအမြင့် ပေ၇၀၊ တမံအလျား ပေ ၂၉၇၀နှင့် ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၄၃၀ ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်ရေ ရေလှောင်တမံမှ ကျောက်တံခါး ရေလှောင်တမံသို့ ဆက်သွယ်မြောင်း ဖောက်လုပ်မည့် လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

ရှေးဦးစွာ တောင်ရေ ရေလှောင်တမံနှင့် ရေထိန်းကန်အမှတ်(၅) အကြားရှိ ဆက်သွယ်ရေးမြောင်း ဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေထိန်းကန်အမှတ်(၅)သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေရရှိရေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ရေထိန်းကန်အမှတ်(၅) အောက်ဘက်ရှိ လယ်မြေဧက ၂၀နှင့် နောက်ထပ်ပေါ်ထွက်လာမည့် လယ်မြေဧက ၅၀ စုစုပေါင်းဧက ၇၀ ကို စိုက်ပျိုးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေထိန်းကန်အမှတ်(၅)နှင့် အမှတ်(၄)အကြားတွင် ဆက်သွယ်မြောင်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၃) ညောင်ငုတ်တိုတမံ ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရေထိန်းကန်ဆောက်လုပ်မည့်နေရာနှင့် ဆက်သွယ်မြောင်းဖောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဧက၆၀၀တိုးချဲ့စိုက်ပျိုးနိုင်

အဆိုပါ ရေထိန်းကန်အမှတ်(၃) အောက်ဘက်တွင် လက်ရှိ ၁၂ဧက စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေ ရရှိပါက ဧက ၆၀၀ အထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၃)နှင့် အမှတ်(၂)အကြားရှိ ရေဆိုးထုတ် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၂) ပန်းဆွဲတမံ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့မှတစ်ဆင့် ရေထိန်းကန်အမှတ်(၂)နှင့် အမှတ်(၁)အကြားရှိ ကျောက်တံခါးရေလှောင်တမံမှ လေးမိုင်ခွဲအကွာရှိ ရေဆိုးထုတ်အဆောက်အအုံ ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရေဆိုးထုတ် အဆောက်အအုံနှင့် ဆက်သွယ်မြောင်း ဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးရေလှောင်တမံမှ တစ်မိုင်အကွာတွင် ဆက်သွယ်မြောင်းကို စက်ယန္တရားဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံကို ဆက်သွယ်သည့် မြောင်းမှာ အရှည် ၁၃ ဒသမ ၅ မိုင်ရှိပြီး ယခုအခါ တောင်ရေ ရေလှောင်တမံဘက်တွင် တစ်မိုင်ကျော်နှင့် ကျောက်တံခါးရေလှောင်တမံဘက်တွင် တစ်မိုင်ကျော် စုစုပေါင်း နှစ်မိုင်ကျော် ဖောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးရေလှောင်တမံသို့ ရောက်ရှိကြပြီး ကျောက်တံခါး ရေထုတ်ပြွန်အမှတ်(၁)မှ ရေကို ဆက်သွယ်မြောင်းဖြင့် တောင်ရေ ရေလှောင်တမံသို့ ပို့လွှတ်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောက်တံခါးရေလှောင်တမံကို ဆက်သွယ်တူးမြောင်းစနစ်ဖြင့် အောက်ဘက်ရှိ တောင်ရေ ရေလှောင်တမံမှ တစ်ဆင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာ၏ အထက်ဘက် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။

ကျောက်တံခါးတမံ

ယင်းကျောက်တံခါး ရေလှောင်တမံကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး တမံအမြင့် ပေ ၈၀၊ တမံအလျား ပေ ၇၆၁၀ နှင့် ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၁၁၃၀ ရှိကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် လက်ခုပ်ပင်ကျေးရွာအနီးရှိ လက်ခုပ်ပင် ရေလှောင်တမံ ယာယီရှင်းလင်းဆောင်သို့ မွန်းလွဲ၂နာရီခွဲတွင် ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက လက်ခုပ်ပင်ရေလှောင်တမံ တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး လက်ခုပ်ပင်တမံကို မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ညောင်ကုန်းရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ချောင်းကောက် ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေကူပေးမည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းငါးရပ်အပြင် မိမိခရိုင်အတွင်းရှိ ရေအရင်းအမြစ် စုဆောင်းရရှိနိုင်သည့် ကန်ငယ်များ ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးရေးအတွက် အမြဲတမ်း စိတ်ဝင်တစားဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

လေးမျက်နှာမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက် မွန်းတည့်၁၂နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦး ကျောင်းတိုက် (မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)တွင် ကျင်းပရာ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်များဖြစ်ကြသော အောင်ဆန်းတောရ တပ်ဦးကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် သန်လျင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဒီဃဘာဏက ဓမ္မာစရိယ ဆရာတော်ဘဒ္ဒန္တကုမာရတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး အသင်းဥက္ကဋ္ဌ ဗိုလ်မှူးဗထွေး (ငြိမ်း)က အမှာစကားပြောကြားကာ သက်ကြီးဘိုးဘွား ၁၈ ဦးတို့အား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌ မြန်မာတစ်ပြည်လုံး အဋ္ဌမဆုရ မောင်နေမျိုးလင်း**(အပေါ်ဝဲပုံ)**၊ ဘာသာစုံ ဂုဏ်ထူးနှင့် မြန်မာတစ်ပြည်လုံး မြန်မာစာအမှတ် အများဆုံးဆုရ မသီရိအောင်၊ ဘာသာစုံဂုဏ်ထူးရှင် မောင်ကျော်မျိုးလွင်တို့ အပါအဝင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ်လေးဆုရှင် မောင်သက်လွင်အောင်ထွန်းနှင့် ရွှေတံဆိပ်နှစ်ဆုရှင် မလွင်လွင်ချိုထွန်းတို့ကိုလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဘင်္ဂလားဒေ့ရှ် စွမ်းအင်ဝန်ကြီးနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M. Mosharraf Hossain ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ် ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

ဂါရဝပြုတွေ့ဆုံ

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား စွမ်းအင်ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. A.K.M. Mr. Mosharraf Hossain ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်း(၁)၌ ဆွေးနွေးကြသည်။

ကမ်းလွန်ရေနံလေ့လာမည်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ရက်အထိ မြန်မာနိုင်ငံ၌ နေထိုင်ကာ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကို လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာသမိုင်းပညာရှင်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စာတမ်းဖတ်ကြားမည့် ပြည်တွင်း ပြည်ပမှ စာတမ်းရှင်များနှင့် လေ့လာသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့် အမှာစကားပြောကြားရာတွင် မြန်မာသမိုင်းအဖွဲ့ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ခုနစ်နှစ်အကြာ ၁၉၅၅ခုနှစ်က တည်ထောင် ခဲ့ကြောင်း၊ သက်တမ်းနုနယ်သေးသည့် နိုင်ငံတော်ကြီးသည် စိန်ခေါ်မှုမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည့် အထဲတွင် နိုင်ငံတော် တည်ဆောက်ရေး၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော၊ အချိန်အခါနှင့်လည်း လိုက်လျောညီထွေရှိသော မြန်မာသမိုင်း ပြန်လည်ပြုစုရေးသည် စိန်ခေါ်မှုတစ်ခုအဖြစ် ပါဝင်ခဲ့ကြောင်း။

မြန်မာသမိုင်းကျမ်းသည် ရှေးကတည်းကရှိခဲ့ကြောင်း၊ နိုင်ငံတွင် ကျော်ကြားသည့် မြန်မာပညာရှိများက ဘုရင့်မှန်နန်းတော်ဦးတွင် စုပေါင်းရေးသားခဲ့ကြသည့် မဟာရာဇဝင်ကြီးသည် ခမ်းနားကြီးကျယ်ပြီး သမိုင်းအချက်စုံလင်သော ကျမ်းတစ်ဆူဖြစ်ကြောင်း၊ သို့ရာတွင် မင်းကိုဗဟိုပြုပြီး ရေးသားထားသည့်အတွက် သူ့ကျွန်ဘဝရောက်ခဲ့သော ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင် အခြေအနေနှင့် မဆီလျော်တော့သကဲ့သို့ဖြစ်လာရကြောင်း။

ဖြန့်ကြက်အုပ်စိုး

ဗြိတိသျှတို့က သူတို့နှင့်အတူ သမိုင်းသစ်ကိုလဲ ယူဆောင်လာခဲ့ကြောင်း၊ သမိုင်းသစ်က ခမ်းနားကြီးကျယ်သကဲ့သို့ အတွဲပေါင်းများစွာဖြင့် နေရာလည်း အတော်ယူခဲ့ကြောင်း၊ လက်အောက်ခံများကို ယဉ်ကျေးစေရန် ကြိုးပမ်းသည်ဆိုသည့် နယ်ချဲ့သမိုင်းဖြစ်ပြီး ကမ္ဘာကြီးကို ဖြန့်ကြက်အုပ်စိုးထားကြောင်း။

အမျိုးသား စိတ်ဓာတ်ထွန်းကားလာသည့် ကိုလိုနီခေတ်နှောင်းပိုင်းတွင် မြန်မာသမိုင်းရေးသားမှုတစ်ရပ် ပေါ်လာခဲ့ကြောင်း၊ ရာဇဝင်ကျမ်းများထဲက ထင်ရှားသည့် သူ့ရဲကောင်းများ၊ အဖြစ်အပျက်ကြီးများကို စုစည်းရေးသားခဲ့ခြင်းဖြစ်ကြောင်း။

ကိုယ်တိုင်ကိုယ်ကျပါဝင်

၁၉၅၅ ခုနှစ်က ဖွဲ့စည်းခဲ့သော သမိုင်းအဖွဲ့တွင် အဖွဲ့ဝင်အများစုသည် ရန်ကုန်တက္ကသိုလ်က ပါမောက္ခများဖြစ်ကြောင်း၊ ယင်းပါမောက္ခကြီးများသည် နောင်အခါတွင် ၎င်းတို့နေရာကို ဆက်ခံကြမည့် ပညာရှင်များကို မွေးထုတ်ပေးရာ ရန်ကုန်တက္ကသိုလ်ကြီးကို အမျိုးသား တက္ကသိုလ်ကြီးအဖြစ် ပြောင်းလဲနိုင်ရေးအတွက် လိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေးဌာနကြီးများ ထူထောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင် လုပ်ဆောင်ခဲ့ကြရသူများ ဖြစ်ကြောင်း။

စည်သူဦးကောင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် သမိုင်းအဖွဲ့ဝင်များသည် လေးနက်သော တာဝန်ကို ထမ်းဆောင်ခဲ့ကြရကြောင်း၊ ၎င်းတို့သည် အနောက်တိုင်းနိုင်ငံများကို သွားရောက် ပညာသင်ကြားခဲ့သူများဖြစ်ပြီး တချို့သည် ဘွဲ့လွန်ပညာများကို ဆည်းပူးရရှိလာကြသူများဖြစ်ကြောင်း၊ သုတေသနနှင့် နိုင်ငံတကာစံနှုန်းများတွင် အဆင့်မီအောင် ကျင့်သား ရထားသူများဖြစ်၍ ရေးသားမှုများ စံမီကြကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေ၊ မြန်မာ့လူမှုတန်ဖိုးနှင့် မြန်မာ့အမြင်တို့ကို ပုံဖော်သည့် သမိုင်းရေးသားမှုကိုလည်း သတိမူမိခဲ့ကြကြောင်း၊ စိန်ခေါ်မှုများကြားက သမိုင်းရေးသားမှုနည်းသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့ကြကြောင်း။



မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာသမိုင်းအဖွဲ့သည် မျိုးဆက်မပြတ်ဘဲ ယနေ့တိုင် ရှင်သန်နေကြောင်း၊ ယနေ့ဆောင်ရွက်နေသည့် အဖွဲ့ဝင်များသည် မူလအဖွဲ့ဝင်များ၏ တပည့်များနှင့်အတူ လုပ်ကိုင်ခဲ့ရသည့် လူငယ်များဖြစ်ကြောင်း၊ အနှစ် ၅၀ အတွင်းတွင် မြန်မာနိုင်ငံသည်အပြောင်းအလဲများစွာဖြင့် ကြုံခဲ့ရကြောင်း၊ စိန်ခေါ်မှုသစ်များကိုလည်း ရင်ဆိုင်ရကြောင်း၊ အဖွဲ့ဝင်များသည် ပညာရပ်ဆိုင်ရာ တာဝန်ရှိမှုစံများနှင့် စည်းကမ်းများကို တင်းကြပ်စွာလိုက်နာပြီး စိန်ခေါ်မှုများကို အပြုသဘောဖြင့် အစဉ်တုံ့ပြန်ခဲ့ကြကြောင်း။

အလေးပေးအားစိုက်

သမိုင်းရေးသားမှုအပေါ် ယုံကြည်ကိုးစားနိုင်ရန် အထောက်အထားစုဆောင်းမှုကိုလည်း မြန်မာသမိုင်းအဖွဲ့က အလေးပေးအားစိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ပွင့်လင်းရာသီရောက်တိုင်း သမိုင်းအဖွဲ့များသည် ကျောက်စာ၊ မင်စာများ ရေးကူးခြင်း၊ တွေ့ရှိချက်အသစ်များကို ပဏာမ လေ့လာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ပေပုရပိုက်များနှင့် သမိုင်းမှတ်တမ်းများကို မိုက်ကရိုဖလင် တင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မြန်မာ့မှတ်တမ်းများရှိသည့် အိန္ဒိယရုံး၊ စာကြည့်တိုက်နှင့် မှတ်တမ်းမော်ကွန်းတိုက်တို့လို ပြည်ပနေရာများကို သွားရောက် ကူးယူခြင်းလည်းရှိကြောင်း၊ ယခုအခါတွင် တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနသည် မြန်မာသမိုင်း အထောက်အထားများနှင့် ပတ်သက်ပြီး အားထားရသော နေရာတစ်ခု ဖြစ်နေပြီဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပက ပညာရှင်များ လေ့လာနိုင်ရန် အမြဲ လမ်းဖွင့်ပေးထားနိုင်ပြီဖြစ်ကြောင်း၊ မြန်မာသမိုင်း ပညာရှင်များကို အထူးအကျိုးပြုသည့် နေရာပင်ဖြစ်ကြောင်း။

ဂုဏ်ယူစရာကောင်း

အဖွဲ့၏လုပ်ဆောင်ချက်များသည် အဖွဲ့၏ ပညာရပ်ကိုသာ အကျိုးဖြစ်ထွန်းစေသည် မဟုတ်ဘဲ သမိုင်းကို စိတ်ဝင်စားလာအောင် မြန်မာ့လူဘောင်ကို ဆော်ဩပေးနိုင်ခဲ့ကြောင်း၊ မြန်မာသမိုင်းအဖွဲ့ကထုတ်သော ကျမ်းများအပြင် ပြည်ပပညာရှင်များ ရေးသည့် သမိုင်းကျမ်းများလည်း ရှိကြောင်း၊ ယင်းကျမ်းများသည် အဆင့်မြင့်သည့်အတွက် အမျိုးသားစာပေဆုများလည်း ရခဲ့ကြကြောင်း၊ ပြီးခဲ့သည့်လက အမျိုးသားစာပေ ဆုပေးပွဲတွင် ယင်းအဖွဲ့နှင့်မကင်းသည့် ပညာရှင်နှစ်ဦးသည် အမျိုးသားစာပေဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ၎င်းသည် ဂုဏ်ယူစရာကောင်းသည့် အချက်တစ်ခု ဖြစ်ကြောင်း။

သမိုင်းပညာလေ့လာမှု ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် မိမိတို့၏ ပညာရှင်များကို နိုင်ငံတကာဆွေးနွေးပွဲများ တက်ရောက်ပြီး နိုင်ငံတကာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ အားပေးနေကြောင်း၊ယခုကဲ့သို့ သမိုင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုသဘင်တွင် နိုင်ငံတကာပညာရှင်များ လာရောက်ကြပြီး အသိအမြင်များ လွတ်လပ်စွာ ဖလှယ်နိုင်ကြ၊ ဆွေးနွေးနိုင်ကြခြင်းသည် ကာလဒေသနှင့် လိုက်ဖက် ညီညွတ်ကြောင်း၊ တက်ကြွလှုပ်ရှားသည့် ဆွေးနွေးပွဲကြီး ဖြစ်မြောက်ပါစေ၊ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ်ကာလတွင် ပညာရှင်များ ချမ်းမြေ့ပျော်ရွှင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ မြန်မာသမိုင်းအဖွဲ့၏နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံ တကာ စာတမ်းဖတ်ပွဲကို ယနေ့မှ ဇန်နဝါရီ၁၄ ရက်အထိ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်ပနိုင်ငံ ၁၄ နိုင်ငံတို့မှ စာတမ်းရှင်၅၀ အပါအဝင် ပြည်တွင်း ပြည်ပ စာတမ်းရှင် ၆၇ဦး တို့က စာတမ်းပေါင်း ၆၇စောင် ဖတ်ကြားတင်သွင်း ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၃၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၈:၁၀ ၉။ သက်တံရောင်သံစဉ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၄၅)
- ၁၉:၃၀ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၄။ **အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရှေးရှု "သောက်သုံးရေနှင့် စီးပွားရေးအခြေခံ ကျေးလက်ဒေသထူထောင်ရန်"**
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"ကောင်းကင်ကို ခေါင်းတင်လို့ မေးလိုက်ချင်"** (အပိုင်း-၁) (နိုင်းနိုင်း၊ နန္ဒာလှိုင်) ဒါရိုက်တာ-မောင်မောင်ဦး (စနိုးဂိုက်)

✡ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) စစ်ရေးချုပ်က တာဝန်ရှိသူအဆင့်ဆင့်တို့အား အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ကရင်ပြည်နယ် မြဝတီခရိုင် သင်္ကန်းညီနောင်သို့ နံနက် ၁၀ နာရီတွင်ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်သိန်း၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မြဝတီမြို့သို့ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားပေါ်မှ သောင်ရင်းမြစ် ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက မြဝတီခရိုင်၏ တည်နေရာ၊ လူဦးရေ၊ နယ်မြေ အေးချမ်းသာယာရေးဆောင်ရွက်မှုအခြေအနေ၊ ရာသီဥတုနှင့် မိုးရွာသွန်းမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ်အတွင်း မိုးစပါးနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဒေသဆန်ဖူလုံရေးအတွက် စီမံဆောင်ရွက်ထားမှု၊ နှစ်ရှည်သီးနှံများဖြစ်သည့် သစ်ဆိမ့်၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ ပျားလိမ္မော်၊ သရက်စိုက်ပျိုးထားမှု၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဒေသကြက်၊ ဘဲနှင့် သားငါးမွေးမြူထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ မြဝတီမြို့နယ်အတွင်း စက်မှုဇုန်နှင့် စီးပွားရေးဇုန်တည်ဆောက်ရန် မြေနေရာရွေးချယ်သတ်မှတ်ပြီးမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အချက်အလက်တို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား လက်ဆောင်ပစ္စည်းများနှင့် ငြိမ်းချမ်းရေးအဖွဲ့ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အောင်မြင်မှုများ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ထာဝစဉ်ဖြစ်ထွန်းနေစေရအောင်၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများနှင့်အတူ လိုက်ပါနေနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်မှုများ ရရှိလျက်ရှိနေကြောင်း။

ထို့ပြင် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားညီနောင်အချင်းချင်း လက်နက်ကိုင်ဆန့်ကျင်မှုများ၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ယွင်းမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရမှုများ၊ ဘိန်းစိုက်ပျိုးမှုများစသော အနိဋ္ဌာရုံများ ပျောက်ကွယ်သွားစေရအောင် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း။

ဆက်လက်ပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသများပါမကျန် နယ်မြေဒေသများအားလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့အဖို့တွင်လည်း ဆက်လက်ဆောင်ရွက်သွားရဦးမည်ဖြစ်ရာ ယခုအရှိန်အဟုန်အတိုင်း အစဉ်အလာမပျက် ဆက်လက်ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မြဝတီမြို့သည် နယ်စပ်မြို့ဖြစ်သည့်အတွက် ဒေသနေပြည်သူများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် တို့ဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်အကျိုးမျှတစွာ ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားသည်။

လိုက်နာကျင့်သုံး

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက လက်ရှိနိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွင် ကရင်ပြည်နယ် မြဝတီခရိုင်၏ အရေးပါမှုကို လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ မိမိတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ မူဝါဒများကို ဥပဒေနှင့်အညီလိုက်နာကျင့်သုံးရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အိမ်နီးချင်းနိုင်ငံနှင့် ကုန်သွယ်မှုအခြေအနေ၊ ကုန်သည်များ သိရှိလိုက်နာရမည့်အချက်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများ စည်းကမ်းတကျဖြစ်ထွန်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီမြို့နှင့် သင်္ကန်းညီနောင် ကားလမ်း ရွာသစ်ကျေးရွာအနီး၌ အသစ်တည်ဆောက်မည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်ချကွင်းမြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်လမ်းကြောင်းများ စနစ်တကျ ဖြစ်ထွန်းလာစေရေးတို့အတွက် လေ့လာကြည့်ရှုပြီး ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေတိုင်းရင်းသား ပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက် မြင့်မားစေရေးအတွက် နိုင်ငံတော် အစိုးရကိုယ်စား ဒေသအလိုက် အနီးကပ်တာဝန်ယူ ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာကောင်းများ အောင်အောင်မြင်မြင် ဖြစ်ထွန်းလာစေရအောင် စေတနာထားပြီး ကြိုးစားဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

တပ်မတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ့တာဝန် စတင်ယူစဉ်ကပင် နိုင်ငံတော်အတွက် အထူးအရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ချမှတ်ခဲ့ကြောင်း။

အမျိုးသားရေးမူဝါဒ

ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် မြဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအပြီးတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အသက်တမျှအရေးကြီးကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းနှင့်သက်ဆိုင်ပြီး သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းထိန်းသိမ်းသွားရမည့် အမျိုးသားရေးမူဝါဒများပင်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက် လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်တို့ကိုလည်း ချမှတ်ခဲ့ပြီး ယင်းဦးတည်ချက်များအတိုင်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

တိုးမြှင့်ထူထောင်

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအချင်းချင်း နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများတွင် မြဝတီမြို့သည် အရေးပါသည့် တံခါးပေါက်တစ်ခုဖြစ်သည်နှင့်အညီ မြဝတီမြို့ကိုလည်း ခရိုင်အဆင့်တိုးမြှင့်ပေးခဲ့ပြီး ခရိုင်အဆင့် မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရန် တိုးမြှင့်ထူထောင်ပေးခဲ့ပြီဖြစ်ကြောင်း။

နယ်စပ်ဒေသများတွင် ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် နယ်မြေအေးချမ်းမှု ပျက်ယွင်းခဲ့ရပြီး ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးများပါ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် နောက်ကျကျန်ရစ်ခဲ့ရသည့်အဖြစ်မျိုးနှင့် တွေ့ကြုံခဲ့ကြရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အလျင်အမြန် ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် မိမိဦးဆောင်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင်အနီးကပ်ဆောင်ရွက်ပေးနိုင်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန သီးခြားဖွဲ့စည်းပေးခဲ့ပြီး နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့ကြောင်း။

ရှင်သန်တိုးပွား

ထို့ပြင် နယ်စပ်ဒေသများ အေးချမ်းသာယာလာသည်နှင့်အမျှ နယ်စပ်ဒေသများ၏ လုံခြုံရေးအခြေအနေများ ကောင်းမွန်တိုးတက်လာခဲ့ပြီး အုပ်ချုပ်ရေး ပိုမိုစနစ်ကျန ကောင်းမွန်စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အကျိုးရလဒ်ကောင်းများအနေဖြင့် ဒေသနေတိုင်းရင်းသားပြည်သူများအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာခဲ့ကြောင်း။

ယခုအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများဖြစ်ထွန်းလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ တိုးပွားဖြစ်ထွန်းလျက်ရှိနေကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း များစွာပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

လုပ်ငန်းစဉ်များချမှတ်

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရိုးရာ၊ ဓလေ့၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

အဆိုပါ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်ရာ နိုင်ငံသားအားလုံးအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ကုန်ချကွင်းတို့ကိုလည်းကောင်း၊ မြဝတီမြို့နှင့် သင်္ကန်းညီနောင်ကားလမ်း၊ ရွာသစ်ကျေးရွာအနီး၌ အသစ်တည်ဆောက်မည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်ချကွင်းမြေနေရာတို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား လက်ဆောင်ပစ္စည်းများနှင့် ငြိမ်းချမ်းရေးအဖွဲ့မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ပေးအပ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်ဖြင့် ဘားအံမြို့မှ ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စည်းကမ်းပြည့်ဝသော ဝန်ထမ်းများဖြစ်အောင် ရှေ့ဆောင်လမ်းပြ တာဝန်ရှိသူများ အောက်ခြေအထိကွင်းဆင်း လုပ်ငန်းလိုအပ်ချက်ပံ့ပိုးပေး

ရန်ကုန် ဇန်နဝါရီ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ မီးသတ်ဦးစီးဌာနရှိ ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရေး၊ တာဝန်ရှိသူများက အောက်ခြေအထိ ကွင်းဆင်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရေး၊ စည်းကမ်းပြည့်ဝသော ဝန်ထမ်းများဖြစ်အောင် ရှေ့ဆောင်လမ်းပြပြုရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်က ဝယ်ယူပေးသည့် ခေတ်မီလှေကားတင် မီးသတ်ယာဉ်၏ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်တီးဝိုင်းပြိုင်ပွဲတွင် ပါဝင်သရုပ်ပြသမည့် မီးသတ်တပ်ဖွဲ့ စစ်တီးဝိုင်းအဖွဲ့၏ လေ့ကျင့်တီးခတ်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဟုတ်ပဲ့မလားမောင်ကာဠုရဲ့ ဒါထက်တောင်ပိုသေး

မောင်ကာဠု

အဘိုး – မောင်ကာဠု မင်းဘယ်ပျောက်နေသလဲ။ မပေါ်လာတာ ကြာပြီ။

မောင်ကာဠု – ထုံးစံအတိုင်းပေါ့ အဘိုးရယ်။ ဟိုနယ်ဒီနယ်၊ ဟိုမြို့ဒီမြို့ အလုပ်ကိစ္စအကြောင်းပြုပြီး သွားရင်းလာရင်း နိုင်ငံအခြေအနေ၊ ပြည်သူတို့ရဲ့အနေအထား လေ့လာရတာပေါ့။

ဘိုး – မင်းစကားက ကြီးကျယ်လှချည်လားကွ၊ဘာတွေတွေ့ခဲ့တုန်း။ ပြောပြစမ်းပါဦး။

ဠု – ရောက်သမျှဒေသတွေမှာ အေးငြိမ်းသာယာတယ်၊ ဖွံ့ဖြိုးတိုးတက်မှုတွေကလဲ နေရာတိုင်းမှာ အလစ်အဟာမရှိသလောက်ဘဲ။ မြို့ကြီးတိုင်းမှာ တက္ကသိုလ်တွေ၊ ကောလိပ်တွေနဲ့ အဘိုးရဲ့။ ဆေးရုံတွေလဲ တိုးချဲ့ထားလိုက်တာ၊ လမ်း၊ တံတား၊ ဆည်တမံ၊ မြစ်ရေတင်စီမံကိန်းတွေကလဲ လက်ဖျားခါလောက်အောင် တိုးတက်လာနေတာ အဘိုးလဲ ရုပ်မြင်သတင်း ညတိုင်းကြည့်နေတာပဲ တွေ့မှာပါ။

ဘိုး – အေး–တို့က တို့ရဲ့ ကိုယ်ပိုင်မံသစက္ခုနဲ့မြင်ရတယ်၊ သောတနားနဲ့ကြားရတယ်။ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ကြား၊ ကိုယ်တိုင်သိဆိုတော့ တို့နိုင်ငံအခု ၁၆နှစ်လောက်အတွင်း ငြိမ်းချမ်းသာယာလာတာ၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာတာ ကိုယ်တွေ့ပဲ၊ ဒိဋ္ဌမျက်မြင်ပဲလေကွာ။

ဠု – ဒါတောင် ပြည်တွင်း၊ပြည်ပ အဖျက်သမားတွေက နှောင့်ယှက်၊ ကမ္ဘာတစ်ခွင် အကြောင်းပြချင်ရာပြပြီး ကျူးကျော် စွက်ဖက်နေတဲ့ ကိုလိုနီလက်သစ်ဝါဒီတွေက ပိတ်ဆို့လိုက်၊ ဟန့်တားလိုက်၊ ဖျက်ဆီးနှောင့်ယှက်လိုက် လုပ်နေတဲ့ကြားက ကျွန်တော်တို့ပြည်သူတွေနဲ့ နိုင်ငံတော်ကို တာဝန်ယူထားရတဲ့ တပ်မတော်တို့ ကြည်ဖြူ လက်တွဲ၊ စည်းလုံးညီညွတ်မှု ခိုင်မြဲစွာနဲ့ ဒီလိုငြိမ်းချမ်းမှု၊ ဒီလို ဖွံ့ဖြိုးတိုးတက်မှုတွေ ရယူနိုင်တာနော်။ ကျွန်တော်တို့ရဲ့ ပြည်တွင်းအင်အားက ရန်တကာကိုကျော်နင်းပြီး အောင်ခြင်းအလီလီ ရနိုင်တဲ့ အင်အားပဲအဘိုးရဲ့။

ဘိုး – အေးပါကွာ၊ တို့မြန်မာနိုင်ငံသားတွေဟာ လွတ်လပ်ရေးအတွက်စတင်တိုက်ပွဲဝင်ကတည်းက တပ်မတော်နဲ့လက်တွဲခဲ့ကြတာ၊ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ရတဲ့ ဖြစ်စဉ်တိုင်းမှာလဲ ပြည်သူနဲ့တပ်မတော်ပဲ လက်ချင်း ယှက်ပြီး အမျိုးသားရေး တာဝန်ထမ်းခဲ့ကြတာ။ ဒီအင်အားကို ပြည်တွင်းပြည်ပ အဖျက်သမားတွေ ဘယ်လိုမှဖြိုခွဲလို့ မရနိုင်ဘူးဆိုတာ ၁၆ နှစ်ဖြစ်ရပ်တွေနဲ့ ဒီကနေ့ နိုင်ငံအခြေအနေကောင်းတွေက သက်သေပြနေတာပဲ။

ဠု – ကျွန်တော်လဲအားရင် ပြည်ပက ထိုးနှက်နေတဲ့ အဖျက်မီဒီယာတွေကို နားထောင်ကြည့်ပါတယ်၊ ဖတ်ရှုကြည့်ပါတယ်။ ဒါပေမယ့် အဲဒီမီဒီယာတွေဟာ ဘာကိုရည်ရွယ်ပြီး ကျားကျားမီးယပ်လုပ် ဝါဒဖြန့်မှိုင်းတိုက်နေကြတာလဲဆိုတာ သဘောပေါက်လာတာပဲ အဘိုးရဲ့။

ဘိုး – ပြောပြစမ်းပါဦးကွာ။

ဠု – ဒီမိုကရေစီဆိုတဲ့စကား နေ့စဉ်မိုးမွှန်အောင် ရွတ်နေတဲ့ အဲဒီမီဒီယာတွေနဲ့ အဲဒီမီဒီယာတွေရဲ့ပိုင်ရှင် ကိုလိုနီလက်သစ်ဝါဒီတွေဟာ ဒီမိုကရေစီမဆန်ဆုံး လုပ်ရပ်တွေချည်းလုပ်နေတာတွေ့ရတယ်။ နိုင်ငံတစ်ခုခုကို သူတို့အကျိုးအတွက် ဥပမာ–အဲဒီနိုင်ငံကထွက်တဲ့ရေနံကိုရရှိဖို့၊ ဒါမှမဟုတ် အဲဒီနိုင်ငံက အမျိုးသားရေးရှေးရှုပြီး သူတို့ဩဇာမခံတဲ့ အစိုးရဖြုတ်ချ၊ သူတို့ဩဇာခံ ရုပ်သေးအစိုးရတင်ပေးဖို့ စွက်ဖက်တော့မယ်၊ ကျူးကျော်တော့မယ်ဆိုရင် ဒီမိုကရေစီ အကြောင်းပြတော့တာပဲ။

ဘိုး – မှန်လိုက်လေကွာ၊ တို့မျက်စိရှေ့မှာတင် သူတို့ကိုလိုနီလက်သစ် ဝါဒီအုပ်စုတွေ မကြိုက်တဲ့ အစိုးရတွေ ဖြုတ်ချဖို့၊ ပြည်တွင်း ဆူပူမှုဖန်တီး၊ ပြည်တွင်း ဆူပူသောင်းကျန်းမှုဖန်တီး၊ လိုအပ်ရင် မမှန်ကန်တဲ့ အကြောင်းပြချက်တစ်ခုခုနဲ့ သူတို့စစ်အင်အားသုံး ကျူးကျော်နေတာတွေ တွေ့နေရတာပဲ။ လူထုသန်းပေါင်းများစွာနဲ့ အရွေးခံရတဲ့ အစိုးရတစ်ရပ်ဟာ သူတို့အနောက်က မလိုလားဘူးဆိုရင် လူထောင်ဂဏန်းလောက် လမ်းပေါ်ထွက် ဆူပူဆန္ဒပြရုံနဲ့ အဲဒီအစိုးရထွက်ပေးပါတော့၊ ထွက်မပေးသေးဘူးလား လုပ်တာမျိုး၊ နိုင်ငံရွေးကောက်ပွဲတွေမှာဒေါ်လာသန်းချီပုံအောပြီး သူတို့ နိုင်စေချင်သူတွေ နိုင်အောင်လုပ်သွားတာမျိုး။ သူတို့လူနိုင်ရင် အဲဒီရွေးကောက်ပွဲ တရားတယ်၊ သူတို့လူရှုံးရင် မဲကလိမ်ကကျစ် လုပ်မှုရှိတယ်လို့ အကြောင်းပြပြီး ရွေးကောက်ပွဲကို ဖျက်ဆီးဖို့လုပ်တာ မျိုးစုံလို့ပါကွာ။

ဠု – **နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာကို ပိုင်ရမယ်၊ စွက်ဖက်ခံရမှု၊ ကျူးကျော်ခံရမှု ကင်းဝေးရမယ်၊ ကိုယ့်နိုင်ငံကောင်းကျိုးကို ကိုယ့်ပြည်သူ(အများစု) ဆန္ဒနဲ့အညီ ဖော်ဆောင်ခွင့်ရှိရမယ်။ ဒါဟာ ကုလသမဂ္ဂ ပဋိညာဉ် စာချုပ်ပါမူတွေပဲ။ နိုင်ငံတကာဥပဒေ စံနှုန်းပဲ။ လူ့ယဉ်ကျေးမှုရဲ့စံပဲ။ အဲဒီပြည်သူတွေရဲ့ လွတ်လပ်ခွင့်၊ ဒီမိုကရေစီပိုင်ခွင့်၊ လူ့အခွင့်အရေး အခြေခံမူတွေပဲ မဟုတ်လား** အဘိုးရဲ့။ အခုတော့ အဲဒီစံတွေချိုးဖောက်ပြီး ဟိုနိုင်ငံကျူးကျော်၊ ဒီနိုင်ငံစွက်ဖက် လုပ်နေတာ ကြားမကောင်း၊ မြင်မကောင်း ပါဘူး အဘိုးရယ်။

ဘိုး – အေးပါ–ဒါတွေကို တို့မြန်မာပြည်သူတွေက နားလည်နေကြပြီးသားပါ။ ဒါကြောင့်လဲ အာရ်အက်ဖ်အေတို့၊ ဒီဗွီဘီတို့လို ပြည်ပြေး အသံလွှင့်ဌာနတွေ၊ ဘီဘီစီ၊ ဗွီအိုအေလို ကိုလိုနီဝါဒဖြန့် မှိုင်းတိုက်ကိရိယာတွေကို နယ်ချဲ့လက်နက်အဖြစ် ရှုမြင်ပြီး ပယ်ချနေကြတာပေါ့။ သူတို့ အသံလွှင့်တာကို တစ်ရက်၊ နှစ်ရက်လောက် သာမန် နားထောင်ကြည့်ရင် ဟုတ်နိုးနိုးထင်ရတယ်။ လေး၊ ငါး၊ ဆယ်ရက် သတိ၊ အသိနဲ့ ယှဉ်နားထောင်ရင် တို့နိုင်ငံပျက်စီးရေး ဦးတည်ပြီး တို့နိုင်ငံကို စိုးမိုးခြယ်လှယ်သွေးစုပ်ဖို့ ကြံရွယ်တယ်ဆိုတာ ရိပ်စားမိသွားကြတော့တာပဲ။

ဠု – အခုလဲ ကျွန်တော်တို့ဆီမှာ လူအပြောင်းအလဲ တချို့ဖြစ်သွားတာ ပုံကြီးချဲ့ပြီး သူတို့လိုရာဆွဲပြောနေကြပြန်ပြီ။ ကိုတော့ ပျူပျူငှာငှာ ပြုံးကြိုနှုတ်ဆက် အလိုလိုက် နေစရာမလိုပါဘူး။ ဒါကြောင့် သဘောထားတင်းမာတယ်လို့ ပြောနေကြတာ ဖြစ်မှာပေါ့။

ဠု – အဘိုးပြောသလို နိုင်ငံတကာနဲ့ ဆက်ဆံရာမှာတော့ ရန်လိုခြင်း၊ ငြူစူခြင်း၊ စောင်းမြောင်းခြင်း၊ ရန်စောင်ခြင်း၊ တင်းမာခြင်း လုံးဝမရှိဘူး။ ဒါကလဲ နိုင်ငံလွတ်လပ်ရေးရကတည်းက ကျင့်သုံးခဲ့တဲ့ ကမ္ဘာက ချီးကျူးရတဲ့ နိုင်ငံခြားရေးမူဝါဒပဲလေ။ လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး ကမ္ဘာ့မိသားစုတာဝန်တွေကို ကုလသမဂ္ဂ အလံတော်အောက်မှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေတဲ့ မြန်မာ့ကျင့်စဉ်၊ အမြင်၊ ဝါဒ၊ အယူဘာသာ၊ ယဉ်ကျေးမှု လူမျိုးချင်း မတူကြသော်လဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အစဉ်စွဲကိုင် ကျင့်သုံးခဲ့တဲ့ အစဉ်အလာ။ ဘာသာတရား၊ အဆုံးအမ၊ ရိုးရာအစဉ်အလာနဲ့ မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာ အလေးထားမှုတို့ကြောင့် မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရော၊ ပြည်သူ့ သားသမီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်ရော နူးညံ့သိမ်မွေ့တာဟာ ဘိုးဘွား အမွေကောင်း တစ်ခုပဲလေ။

ဘိုး – အေးကွယ့်၊ အစိုးရအဆက်ဆက် ကြိုးပမ်းသော်လဲ အကောင်အထည် မပေါ်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တပ်မတော်အစိုးရက ရယူတည်ဆောက်ပေးနိုင်ခဲ့တယ်။ ဒါဟာ စေတနာမှန်တဲ့ ကံတရားပဲကွယ့်။ စစ်တပ်ပဲကွာ လက်နက်ကိုင်ပြီး အပြုတ်တိုက်မယ်ဆိုတဲ့ သဘောထားမျိုးပယ်ပြီး ညီအစ်ကိုနောင်ဘွားချင်း ပြေပြေလည်လည် ဆွေးနွေးညှိနှိုင်း တည်ဆောက်ယူခဲ့တဲ့ ငြိမ်းချမ်းရေးပဲကွယ့်၊ နှုတ်ချိုသျှိုတစ်ပါး ဆိုသလို ပြည်ထောင်စုကြီးရဲ့ မိသားစုဝင် အချင်းချင်း ဖြေရှင်းယူခဲ့တာ ပျော့ပျောင်းမှုရဲ့ ရလဒ်ကောင်းပဲ။

> **နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာကို ပိုင်ရမယ်၊ စွက်ဖက်ခံရမှု၊ ကျူးကျော်ခံရမှု ကင်းဝေးရမယ်၊ ကိုယ့်နိုင်ငံကောင်းကျိုးကိုကိုယ့်ပြည်သူ (အများစု)ဆန္ဒနဲ့အညီ ဖော်ဆောင်ခွင့်ရှိရမယ်။ ဒါဟာ ကုလသမဂ္ဂ ပဋိညာဉ် စာချုပ်ပါမူတွေပဲ။ နိုင်ငံတကာဥပဒေစံနှုန်းပဲ။ လူ့ယဉ်ကျေးမှုရဲ့စံပဲ။ အဲဒီ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်၊ ဒီမိုကရေစီပိုင်ခွင့်၊ လူ့အခွင့်အရေး အခြေခံမူတွေပဲ မဟုတ်လား။**

ဘာတဲ့ အခုနိုင်ငံတာဝန် ဆက်ယူထားတဲ့ တပ်မတော်အကြီးအကဲတွေက Hard Liner သဘောထားတင်းမာသူတွေ ဖြစ်တယ်တဲ့။ ဒီမိုကရေစီကို ဖော်ဆောင်ပေးမယ့်လူတွေ မဟုတ်ဘူးတဲ့။

ဘိုး – ဒါက သူတို့အလုပ်ပဲလေ။ ငါတို့နိုင်ငံမှာ လွတ်လပ်ရေးကို တိုက်ယူဖို့ ဖွဲ့ခဲ့တဲ့တပ်မတော်ဟာ အဲဒီမြန်မာ့လွတ်လပ်ရေးကို အစဉ်တစိုက် ကာကွယ်ခဲ့တယ်။ အရေးကြုံရင် ပြည်သူ့ရှေ့က မားမားရပ်ခဲ့တယ်။ တပ်မတော်ဆိုတာဟာ အဲဒီလွတ်လပ်ရေးနဲ့ ပြည်သူ့အကျိုးစီးပွားဘက်က မျိုးချစ်စိတ်နဲ့ ရပ်တည်သယ်ပိုးခဲ့တဲ့ အမျိုးသားရေး အင်အားစုကြီးပဲ။ ပြည်ပကျူးကျော်သူမှန်သမျှ ပြည်တွင်းမှာ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ထိပါးသူ၊ အဖျက်ရန်စွယ်မှန်သမျှ တွန်းလှန်ချေမှုန်းရာမှာတော့ တင်းတင်းပြတ်ပြတ်ပဲပေါ့။ အဲဒီနေရာတွေမှာ ပျော့ညံ့နေလို့မရဘူး။

ဠု – ဟုတ်တာပေါ့ အဘိုးရဲ့။ ဒီလိုနေရာမျိုးတွေမှာ တပ်မတော်ဟာ မတွေဝေဘူး၊ မပျော့ညံ့ဘူး၊ ဇာတိမာန်အပြည့်နဲ့ ပြတ်သားတယ်။

ဘိုး – နိုင်ငံတကာနဲ့ ဆက်ဆံရာမှာ ကြည့်ကြည့်၊ ပြည်သူနဲ့ ဆက်ဆံရာမှာ ကြည့်ကြည့် တပ်မတော်ဟာ သိမ်မွေ့တယ်။ ပျော့ပျောင်းတယ်။ နိုင်ငံကို ဖြိုဖျက်ပြီး တိုင်းတစ်ပါးဗိုလ်ကျစိုးမိုးမှုအောက် တွန်းပို့လာတဲ့ အဖျက်ရန်စွယ်မှန်သမျှကို ပြတ်ပြတ်သားသား တွန်းလှန်ဖြိုဖျက်တဲ့အတွက် တင်းမာတယ် Hard Liner လို့ ပြောချင်ပြောပါစေ။ တိုင်းဆူပြည်ဖျက် သူ့ကျွန်ဘဝ ညွှန်ဗွက်ထဲ တွန်းချမယ့်သူတွေ

ဠု – အကြောင်းအမျိုးမျိုးကြောင့် အရင်အစိုးရတွေ မဆောင်ကြဉ်းနိုင်ခဲ့တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွေကို အခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက စည်းရုံးမှုနဲ့ ဖော်ဆောင်ခဲ့တာပဲလေ။ ဒါတွေဟာ တိုင်းရင်းသားပြည်သူတွေရဲ့ မျက်နှာကိုကြည့်ပြီး ပြည်သူတွေ ငြိမ်းအေးသာယာနေနိုင်ကြပါစေ၊ ဖွံ့ဖြိုးတိုးတက်တဲ့ ပတ်ဝန်းကျင်မှာ နိုင်ငံစီးပွားရေး တိုးတက်ပြီး ပြည်သူတွေ လူနေမှုအဆင့်အတန်း တိုးတက်သည်ထက် တိုးတက်ပါစေဆိုတဲ့ စေတနာကို အရင်းခံတာ ဖြစ်တယ်၊ ဒါကြောင့်အောင်မြင်လာတာပဲ။

ဘိုး – အဲဒါ နူးညံ့သိမ်မွေ့ပျော့ပျောင်းတဲ့ စေတနာလုပ်ရပ်ပေါ့။

ဠု – နိုင်ငံတော်အကြီးအကဲရဲ့ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ် အလွတ်အဟာမရှိ လိုအပ်သမျှ ပြည့်စုံအောင် လုပ်ရမယ်ဆိုတဲ့ လမ်းညွှန်ချက်ဟာ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်လိုတဲ့ စေတနာပဲလေ။ အခုရှေ့လုပ်ငန်းစဉ် (၇)ရပ် ဆက်လက်ဖော်ဆောင်မယ်၊ တိုင်းရင်းသားညီအစ်ကိုအဖွဲ့အစည်းတွေနဲ့ ဆက်လက်ပြီး ပြည်ထောင်စုကြီးကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်မယ်။ ဒါတွေဟာ အမျိုးသားရေး လိုအပ်ချက်တွေချည်းပါပဲ။ ကိုလိုနီလက်သစ်ဝါဒီတွေကတော့သူတို့ရဲ့ တိုင်းဖျက်ပြည်ဖြို ထောင်ချောက်ထဲဝင်မှ ပျော့ပျောင်းတဲ့ Soft line၊ အဖျက်ထောင်ချောက်ထဲ တိုးမဝင်ရင် Hard lineသဘောထားတင်းမာတယ်လို့ ပြောကြမှာပဲ။ ဂရုစိုက်နေဖို့ မလိုပါဘူး။ သူတို့တစ်တွေ ကတော့ နိုင်ငံဖျက်၊ ကမ္ဘာဖျက်အုပ်စုတွေပဲ။

ဘိုး – ဟုတ်ပဲ့မလား မောင်ကာဠုရဲ့။

ဠု – ဒါထက်တောင်ပိုသေး။ ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ တတိယတန်းတွင် ပညာရည်ချွန် ပထမနှင့် ဘာသာရပ်ငါးခုတွင် ပထမရရှိသော မလှဲ့စန္ဒီမောင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ဇန်နဝါရီ ၃ရက်က ကျင်းပသော အလက(၁) ပန်းဘဲတန်း၏ ပညာရေး စုံညီပွဲတော်တွင် မြို့နယ်အဆင့် (၈၄)ကြိမ်မြောက် အမျိုးသားနေ့ စာစီစာကုံးဆုရ အဋ္ဌမတန်းကျောင်းသူ မမိုးပွင့်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က ဆုချီးမြှင့်စဉ်။ (က–ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား နိုင်ငံရေးအနှစ်သာရပြည့်ဝစွာကျင်းပရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၃ ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။ ခင်းကျင်းပြသရေး၊ ညစာစားပွဲအခမ်းအနားပြင်ဆင်မွမ်းမံရေး၊ ကိုယ်စားလှယ်များလေ့လာရေး၊ ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသည် ၂၀၀၅ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

အနှစ်သာရပြည့်ဝစွာကျင်းပရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်၍ ၂၀၀၅ခုနှစ် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၅ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးကတက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့နှင့်အညီ နိုင်ငံရေး အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပသွားရန်ဖြစ်ကြောင်း။

ဖွဲ့စည်းခဲ့

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ...

ဆပ်ကော်မတီ အသီးသီးအနေဖြင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ရောက်ရှိချိန်မှနေရပ်သို့ ပြန်လည်ထွက်ခွာသည် အထိ ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားရေးသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး အစရှိသည်တို့ကို အဆင်ပြေချောမွေ့စွာဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ဆပ်ကော်မတီ အသီးသီးတွင် တာဝန်ယူထားကြသည့် ကော်မတီဝင်များသည် နှစ်စဉ်လုပ်ကိုင်ဆောင်ရွက်နေကျဖြစ်သဖြင့် လုပ်ငန်းတာဝန်များကို စနစ်တကျနှင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်ခိုင်မာလာစေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် ခိုင်မြဲသည်ထက် ခိုင်မြဲလာစေရန် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်ဟုခံယူပြီး ချို့ယွင်းလစ်ဟာမှုမရှိအောင် အလေးထား ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီ ၁၃ရပ် ဖွဲ့စည်းတာဝန် ပေးအပ်ထားခြင်းနှင့် စီမံဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဖြေဖျော်ရေး၊ ပြန်ကြားရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ ပြည်ထောင်စုနေ့ ပြပွဲများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အလေအလွင့်မရှိ

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနေ့ ကျင်းပရေး ဆပ်ကော်မတီ အသီးသီး၏ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ အစစအရာရာ ချွေချွေတာတာ သုံးစွဲကြရန်နှင့် အလေအလွင့်မရှိစေရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလွန်လေးနက်အဓိပ္ပာယ်ရှိသောနေ့ကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖော်ဆောင်နိုင်ရေးနှင့် ပြည်ထောင်စုနေ့ အခမ်းအနားကြီးစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပြည့်စုံပြီး ချို့ယွင်းအားနည်းချက်များ မရှိအောင် စီမံခန့်ခွဲမှုကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးတို့က တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂျပန်ဘုရင်မင်းမြတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၅ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတိုထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိဝမ်းမြောက်ဝမ်းသာစွာ သဝဏ်လွှာပေးပို့ရသည့်အတွက် မိမိများစွာ လှိုက်လှဲကြည်နူးရပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်ကြွယ်ဝစေရန်အတွက် ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

တပ်မတော်နေ့ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများ ပြိုင်ပွဲဝင်စာမူများသတ်မှတ်ရက်ပေးပို့ရေး နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံး ပေးပို့ရမည့်ရက်မှာ ဇန်နဝါရီ၁၅ရက်ဖြစ်၍ ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ သတ်မှတ်ရက်အမီ ပေးပို့ရေး သက်ဆိုင်ရာက နှိုးဆော်ထားသည်။

(သတင်းစဉ်)

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပရာ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ပြည်နယ်၊ တိုင်းတရားသူကြီးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများက မိမိတို့သက်ဆိုင်ရာ ဒေသများ၌ တရားစီရင်ရေးနှင့် တရားရုံးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တရားရုံးချုပ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ညွှန်ကြားရေးမှူးချုပ်များက ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယတရားသူကြီးချုပ်များဖြစ်ကြသော ဦးသိန်းစိုးနှင့် ဦးခင်မောင်လတ်တို့က အမှာစကားပြောကြားကြပြီး တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိကကူညီပံ့ပိုးသည့် ၂၀၀၄–၂၀၀၅ ခုနှစ် Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် (MGF)ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၈နာရီတွင် ပဲခူးမြို့ ဟံသာဝတီ ဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံ အမှတ်(၁၀)(10th TEE)၌ နေရာယူကြပြီး Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဗိုလ်မှူးချုပ်သူရမောင်နီ(ငြိမ်း)၊ ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေ၊ Rothmans of Pall Mall Myanmar Pte., Ltd Regional Sale မန်နေဂျာ ဦးတင်ဌေး၊ Hanthawaddy Golf and Country Club မှ ဒါရိုက်တာဒုတိယဗိုလ်မှူးကြီး လေးမြင့်(ငြိမ်း)နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မြင့်သောင်း(K.M Golf Centre) နှင့် မင်းနိုင်(Srixon)တို့က ၇၂ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မြင့်ရွှေ (Wilson)၊ ကျော်စွာလင်း (Srixon)၊ အောင်ဝင်း(Y.C. D.C)၊ ဇော်ဇော်လတ်(Srixon)တို့က ၇၃ ချက်စီဖြင့် ဒုတိယ လိုက်နေကြပြီး ဇော်ပိုင်ဦး (Srixon)က ၇၄ ချက်ဖြင့် တတိယ လိုက်နေသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေလင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇင်ဝင်း ၇၄ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့်နှင့် နိုင်နိုင်လင်းတို့က ၇၅ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Co-Sponsors များအဖြစ် Air Mandalay, Myanmar Brewery Ltd., Alpine Purified Drinking Water, K.M Golf Centre, Maruman, Tour Stage, Wilson, Srixon, Granslam(Musing Wear), Accel International Co., Ltd(Canon), Sunfar Travel and Tour, Pan-West (Myanmar), Kasco, Ping, Eastern-Pro, Pro-Shop များနှင့် Hanthawaddy Golf and Country Club တို့က အသီးသီးထပ်မံ၍ ကူညီပံ့ပိုးကြကာ ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ၁၃ရက် **(ယနေ့)**နံနက် ၈နာရီတွင် ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်း၌ လမ်းမီးနှင့် လျှပ်စစ်မီးလိုင်းသစ်ဖွင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၉

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက် အနောက်ပိုင်းနယ်မြေနှင့် အမှတ်(၆) နယ်မြေတို့တွင် စေတနာကုသိုလ်ရှင်များစုပေါင်း၍ ရေးဟောင်းသမိုင်းဝင် သစ္စာလေးဆူစေတီတော်မြတ် ပြုပြင်မွမ်းမံပြီး ကိုယ့်အားကိုယ်ကိုး ဘုရားလမ်း မီးတိုင်နှင့် လျှပ်စစ်မီးလိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပသည်။

လျှပ်စစ်မီးတိုင်နှင့် မီးလိုင်းသစ်ဖွင့်ပွဲသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် သန်းထွန်းနှင့်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြကာ ဘုရားလမ်းမီးတိုင်နှင့် မီးလိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ရေးဟောင်းစေတီဘုရားများ၊ ဘုရားလမ်းနှင့် ဘုရားမီးလင်းရေးအတွက် သာသနာပြု ဦးအေးကိုက ဦးဆောင်၍ စေတီတော်မြတ်နှင့်တကွ ဘုရားလမ်းနှင့်ရပ်ကွက်အတွင်းနေအိမ်များ လျှပ်စစ်မီးများသွယ်တန်းနိုင်ရန် လျှပ်စစ်မီးတိုင်၊ မီးကြိုး၊ လမ်းမီးချောင်းများကို စေတနာရှင်ကုသိုလ်ရှင်များ စုပေါင်း၍ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဝဗ၁)**

လားရှိုးမြို့နယ် ပါရမီ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ်သိန်း ၄၀ အကုန်အကျခံ ဆောင်ရွက်ခဲ့

လားရှိုး ဇန်နဝါရီ ၇

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပါရမီ (၂)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က ကတ္တရာလမ်းသစ်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်အား ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါ ပါရမီ(၂)လမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၇၇၀၊ အကျယ် ၁၂ပေရှိပြီး လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် သိန်း ၄၀ အကုန် အကျခံ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

တောင်တွင်းကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

တောင်တွင်းကြီး ဇန်နဝါရီ ၈

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ၂၃၁ခုမြောက် လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ရက်က ဂျုတ်ကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးနိုင်ဝင်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကလိန်အောင် ဇန်နဝါရီ ၅

ပညာရေး ဝန်ကြီးဌာနနှင့် ကလိန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ပညာပဒေသာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၂၇ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ကျောင်းအုပ်ဆရာမကြီး နော်အေးအေးလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန်းဦးတို့က ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

စာအုပ်များလှူဒါန်း

ထို့နောက် အလှူရှင်များကစာအုပ်များလှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်လှက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ်၌ ပေါ်ဆန်းလျှင်စပါး စံကွက်ရိတ်သိမ်း

ဖျာပုံ ဇန်နဝါရီ ၃

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅) တောင်သူ ဦးမောင်နိုင်၏ လယ်မြေတွင် စိုက်ပျိုးထားသော ပေါ်ဆန်းလျှင်စပါး စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပသည်။

တစ်ဧက ၆၆ ဒသမ ၇၈တင်းထွက်ရှိ

စံကွက်ရိတ်သိမ်းပွဲသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး(စာရင်းအင်း) ဦးကျော်တင့်၊ ဖျာပုံခရိုင် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ငြိမ်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ သလိပ်ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တောင်သူများတက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းကြရာ စံကွက်အဆင့်အတန်း(သင့်)မှ တစ်ဧကအထွက်နှုန်း ၆၆ ဒသမ ၇၈ တင်းထွက်ရှိကြောင်း သိရသည်။ (အောက်ပုံ) **(ခရိုင် ပြန်/ဆက်)**

ရွှေစေတီလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ပုသိမ် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုသိမ်မြို့ ရွှေစေတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၆ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၄၀၀ နှင့် အကျယ် ၂၄ပေရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေနီကုန်းကျေးရွာနှင့် ထေးငှားလျား ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်လုပ်ခြင်းကို ဒီဇင်ဘာ ၇ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။

(နယ်စပ်/စည်ပင်)

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ မြန်မာအသင်း ရွှေခုနစ်ခု၊ ငွေငါးခုနှင့် ကြေးခုနစ်ခုဖြင့် ဦးဆောင်နေ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် မြားပစ်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

အမျိုးသား Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမ ရရှိသွားသော မြန်မာနိုင်ငံမှ ပေါ်ဦးအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှေးဦးစွာ နံနက်၉နာရီတွင် အမျိုးသမီး Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ (Individual Event) နှင့် အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) များကို ကျင်းပသည်။

ရွှေစောင်းဆုချီးမြှင့်

ထို့နောက် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်ဒေါ်ညွှန့်ညွှန့်ဦးက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသမီး Recurve မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသည့် Ms. Shamani Ganesan (မလေးရှား)၊ ဒုတိယရရှိသည့် Ms. Anbarasi Subramanian (မလေးရှား)နှင့် တတိယရရှိသည့် Ms. Man Redee Sut Txi (မလေးရှား)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးက ယနေ့ကျင်းပသည့် အမျိုးသမီး Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) တွင် ပထမရရှိသည့် Ms. Anbarasi Subramanian (မလေးရှား)၊ ဒုတိယရရှိသည့် Ms. Susidwi Megasari (အင်ဒိုနီးရှား)နှင့် တတိယရရှိသည့် Ms. Man Redee Sut Txi (မလေးရှား)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား Compound မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသည့် ပေါ်ဦး၊ ဒုတိယ ရရှိသည့် မျိုးအောင်စန်းနှင့် တတိယရရှိသည့် လင်းနိုင်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ယနေ့ ကျင်းပသည့် အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) တွင် ပထမရရှိသည့် ပေါ်ဦး၊ ဒုတိယ ရရှိသည့် မျိုးအောင်စန်းနှင့် တတိယ ရရှိသည့် ရဲမင်းဆွေတို့အား လည်းကောင်း ဆုတံဆိပ်များနှင့်ရွှေစောင်း ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် ညနေပိုင်းတွင် အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ (Individual Event) နှင့် အမျိုးသား Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ (Individual Event) များကို ဆက်လက်ကျင်းပသည်။

ဆက်လက်၍ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသမီး Compound မီတာ ၇၀ အမှတ်ပေး ပြိုင်ပွဲ ပထမ ယုနန္ဒာထိုက်၊ ဒုတိယ သင်းသင်းခိုင်နှင့် တတိယ မေရီဆန်း၊ ယနေ့ ကျင်းပသည့် အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) ပထမ ယုနန္ဒာထိုက်၊ ဒုတိယ သင်းသင်းခိုင်နှင့် တတိယ ကေသီ၊ ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား Recurve မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ ပထမ Mr. Cheng Chu Sian (မလေးရှား)၊ ဒုတိယ Mr. Kuswantoro (အင်ဒိုနီးရှား)နှင့် တတိယ Mr. MD Marbawi Sulaiman (မလေးရှား)၊ ယနေ့ကျင်းပသည့် အမျိုးသား Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ (Individual Event) ပထမ ညီညီထွန်း၊ ဒုတိယ ထွန်းလင်းအောင်နှင့် တတိယ Mr. MD Marbawi Sulaiman (မလေးရှား)တို့အား ဆုတံဆိပ်များနှင့် ရွှေစောင်းဆုများကို ချီးမြှင့်ကြသည်။

ဦးဆောင်နေ

ယနေ့ကျင်းပသည့် ပြိုင်ပွဲများတွင် မြန်မာအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုရရှိပြီး ပြိုင်ပွဲ နှစ်ရက်ကျင်းပအပြီးတွင် စုစုပေါင်း ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ်ခုနစ်ခုရရှိကာ ပြိုင်ပွဲကို ဦးဆောင်နေသည်။

နောက်ဆုံးနေ့

ဇန်နဝါရီ ၁၃ ရက်(**ယနေ့**)နံနက် ၉နာရီတွင် အသင်းလိုက်ပြိုင်ပွဲများကို နောက်ဆုံးနေ့အဖြစ်ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ဓိန်ပူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အသစ်တင်လှူမည် စေတီတော်ကြီး၏ကိုယ်လုံးတော်အပြည့်ရွှေစင်သင်္ကန်းကပ်လှူ ပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ်သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တတောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်သော တစီးရှင်သီဟသူမင်းလက်ထက် အမတ်ကြီးဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစီးရှင်သီဟသူသည် ပုဂံ၏နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ(ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော်ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်ကသူ၏စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစီးရှင်သီဟသူ၏သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည်(၆၇၇) အသခ်ယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ် ဆွမ်းတော်ကြီးတင် ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲ တစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ်၆၇၄ခုနှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း၈၇၂နှစ် သက်တော်ရှည်ခဲ့ပြီဖြစ်သည်။ လေျှင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ ဓိန်ဖူးတော်တို့ အသစ်တင်လှူရန် လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ ဓိန်ဖူးတော်၊ ငှက်မြတ်နားတော်များ အသစ်တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းစတင် ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထား ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့-

(၁) ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့ ဖုန်း-၀၇၂-၂၁၅၄၄
(၂) သီတဂူဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း-၀၇၂-၂၁၆၁၁
(၃) သီတဂူဆရာတော် ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း-၀၁-၅၅၉၅၅၉

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်နိုင်ငံ ဒုတိယဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာ-တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသအေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H. E. Mr. Zhao Yongji ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၂၂ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့လာရောက်၍ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တွေ့ဆုံသည်။

တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအား တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ အေးချမ်းသာယာမှု တည်ဆောက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၁၁-၁-၂၀၀၅ ရက်မှ ၁၂-၁-၂၀၀၅ ရက်အထိ)

စဉ်	နိုင်ငံ	အမျိုးသား Compound			အမျိုးသမီး Compound			အမျိုးသား Recurve			အမျိုးသမီး Recurve			စုစုပေါင်း		
		ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး
၁။	မြန်မာ	၃	၂	၃	၃	၂	၂	၁	၁	၁	-	-	၁	၇	၅	၇
၂။	မလေးရှား	-	-	-	-	-	-	၂	-	၂	၃	၁	၂	၅	၁	၄
၃။	အင်ဒိုနီးရှား	-	-	-	-	-	-	-	၂	-	-	၂	-	-	၄	-
၄။	ထိုင်း	-	၁	-	-	-	-	-	-	-	-	-	-	-	၁	-
၅။	ဗီယက်နမ်	-	-	-	-	၁	-	-	-	-	-	-	-	-	၁	-
၆။	လာအို	-	-	-	-	-	-	-	-	-	-	-	-	-	-	-

တရားစခန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ကိုယ်တွေ့ဉာဏ်မြင်သမထဝိပဿနာ အကျင့်မြတ်အလုပ်တရားတော်ကြီးကို စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉(ဒုတိယလွှာ)တွင် ဇန်နဝါရီ ၁၅ရက်မှ ၂၄ရက်အထိ ၁၀ရက်တရားစခန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် တမိုင်ဝန်ထမ်းအိမ်ရာရှိ ရတနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် ဆရာတော်ဦးပညာဗလ၏ဩဝါဒကိုခံယူ၍ ဇန်နဝါရီ၃၀ ရက်မှ ဖေဖော်ဝါရီ၅ရက်အထိ တရားစခန်းကိုလည်းကောင်း ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဟောပြောပို့ချ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မူလကသစ်ဝိုင် (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

ပဲခူးတိုင်း ဝေါမြို့နယ် (နောင်ပတ္တရာ၊ နောင်ချမ်း၊ သဘော့ကန်၊ တောစွန်း) လေးရွာ အလယ်ဗဟို၌ တည်ရှိသော နောင်ဘိုကျောင်းတိုက် တရားစခန်းရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် မူလ ကသစ်ဝိုင် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ တရားတော်များကို ဆရာတော်ကြီး၏ တပည့်များနှင့် ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ အရှင်မြတ်က ဟောကြား ပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူ ယောဂီများသည် ပြာသိုလပြည့်ကျော်၅ရက် (ဇန်နဝါရီ၂၉ရက်) ညနေ ၃နာရီ အရောက်လာရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

အမှတ် ၇၇၊ ၁၂၁လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြီးဒေါ်ညွန့်တင်၊ ဒေါ်စန်းတို့အားရည်စူး၍ ဦးထွန်းတင် (ပြည်ဟိန်းဆန်ရောင်းဝယ်ရေး၊ သိမ်ကြီးဈေး၊အေရုံ) သားသမီးမြေးမြစ် မိသားစုက ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်းနှစ်ဆယ် လှူဒါန်းရာ အကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးကျော်သင်းက လက်ခံယူစဉ်။ (က-ပ)

ကန်တော်ကလေးထီးတန်းဓမ္မာရုံတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ထီးတန်းဓမ္မာရုံ ရတနတ္တယဝေယျာဝစ္စ ဆွမ်းလောင်းအသင်း၏ (၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ အကြို တရားပွဲများကို ၁၃၆၆ခုနှစ် ပြာသိုလဆန်း၆ရက် (ဇန်နဝါရီ ၁၅)ရက်မှ ပြာသိုလဆန်း၁၀ရက် (ဇန်နဝါရီ၁၉ရက်)အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၅ရက်တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၁၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၇ရက်တွင် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ၁၈ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လနှင့် ၁၉ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၁၄)ကြိမ်မြောက် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၁ရက်က ဟောင်ကောင်ခန်းမဆောင်တွင်ကျင်းပရာ ခြောက်လမှတစ်နှစ်အထိ ပထမဆုရရှိသူ ရင်သွေးငယ်တစ်ဦးအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

လပွတ္တာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပမည့် နှစ်ပတ်လည်ညီလာခံတွင် အသက် ၈၀ နှင့်အထက် အသင်းသူ အသင်းသားများနှင့် အသင်းဝင်မိဘများအား ပူဇော်ကန်တော့ပွဲ ကျင်းပပြီး ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်မှ ဂုဏ်ထူးရ အသင်းသားများ၏ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်က ချီးမြှင့်ဂုဏ်ပြုခံရသူ မြို့နယ်သူ မြို့နယ်သားများအား ဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ (အလှူတော်မင်္ဂလာခန်းမ)တွင် ဆုနှင်းသဘင်ပွဲ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

အလက(၃)ပခုက္ကူ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပခုက္ကူမြို့ အလက(၃)[ယခင် မက်သဒစ်ကျောင်း] ကျောင်းသား၊ ကျောင်းသူဟောင်းများက ဇန်နဝါရီ ၂၂ရက် (စနေနေ့) နံနက်၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့် အပူဇော်ခံဆရာ၊ ဆရာမကြီးများအတွက် ငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး အလက(၃) ဖုန်း-၀၆၂-၂၁၁၃၃၊ ဦးနေလ ဖုန်း-၀၆၂-၂၀၉၀၉၊ ဦးအောင်တင့်ကျော် ဖုန်း-၀၆၂-၂၁၅၆၇၊ ဦးဇော်ဝင်း ဖုန်း-၀၆၂-၂၁၇၀၉၊ ဦးဝင်းမြင့်အောင် ဖုန်း-၀၆၂-၂၁၀၅၉၊ ဦးချိုတား ဖုန်း-၀၆၂-၂၂၀၄၆၊ ဒေါ်ဝါဝါလင်း ဖုန်း-၀၆၂-၂၁၂၁၅၊ ဦးကျော်ကျော်ဌေး ဖုန်း-၀၁-၇၂၁၉၂၁နှင့် ဦးချစ်မောင် ဖုန်း-၀၁-၆၈၂၅၇၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

လိုက်လံရှာဖွေပေးသူအား ဆုငွေချီးမြှင့်မည်

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၅)ဖြင့် ၄-၁-၂၀၀၅ ရက်တွင် လူမှုထူးချွန် (တတိယဆင့်) ချီးမြှင့်ခြင်းခံရသော

ဦးဘသန်း (ခ) ဦးမောင်မောင်လောက်

အမှတ် ၈၀၊ မြကန်သာလမ်း၊ တောင်ကြီးမြို့ အတွက် လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

ဆက်လက်၍ ပြည်နယ်အားကစားအကျိုး၊ နိုင်ငံတော်အားကစားအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးခင်မောင်ညွန့်-ဒေါ်ခင်သန်းဦး (မိသားစု)
Royal တော်ဝင်ဇိနပ်ဆိုင်၊ တောင်ကြီးမြို့။

ဦးခင်တိုး(SCG-006365)နှင့် အများသိစေရန်

ကျွန်ုပ်အမှုသည် ဒေါ်အေးမီလေး(X/RGN-009992)နှင့် ဦးခင်တိုးတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော်လည်း ဦးခင်တိုးသည် ခင်ပွန်းသည်တစ်ဦး၏ တာဝန်ဝတ္တရား၊ ဖခင်တစ်ဦး၏ တာဝန်ဝတ္တရားများကို လုံးဝကျေပွန်ခြင်းမရှိဘဲ မိသားစုအတူနေအိမ်မှ အကြိမ်ကြိမ် ဆင်းသွားပါသဖြင့် ဦးခင်တိုးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ကျွန်ုပ်၏အမှုသည်က တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးညိုညိုလွင် B.A.,R.L
တရားရုံးချုပ်ရှေ့နေ
ရုံး-အမှတ်-၅၀၊ဒီ(၁)ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊
အိမ်-အမှတ် ၅၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊
အောက်ရေဖြူကထိန်ကြီးကျေးရွာ၊ အမှတ် ၂၂နေ
(ဦးမောင်တိုး)-ဒေါ်စန်းရီတို့၏ သား

မောင်တင်မောင်ဝင်း

(မန်နေဂျင်းဒါရိုက်တာ၊ နဒီရွှေရည်ကုမ္ပဏီလီမိတက်)

နှင့်

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်၂၄နေ
ဦးချစ်သောင်း-ဒေါ်သန်းသန်းဌေး တို့၏သမီး

မယမုံ

B.Sc(Chem:)

တို့သည် နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမိဘများ ရှေ့မှောက်၌ ၂၂-၁၂-၂၀၀၄ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်တင်မောင်ဝင်း-မယမုံ။

ဆုချီးမြှင့်

သန်လျင်မြို့နယ် ဆိပ်ဟောင်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်အဆင့်အမျိုးသားနေ့စာစီစာကုံးနှင့် ဘာသာရပ်ဘက်စုံထူးချွန်ဆုရ စတုတ္ထတန်းမှ မရှင်းသန့်အေးအေး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဒေါ်အေးအေးသွင်နှင့် အများသိစေရန်

ဒေါ်အေးအေးသွင် (ဘ)ဦးတင်မောင် ၁၂/လမတ(နိုင်)၀၁၁၄၉၈နှင့် အများသိစေရန် အောက်ပါအတိုင်းကြေညာလိုက်သည်။ ၎င်း၏မိဘများဖြစ်ကြသော ဦးတင်မောင်-ဒေါ်တင်အေးတို့တွင် သားသမီးခြောက်ဦးသန်းဦး၊ ဒေါ်သန်းသန်းညွန့်၊ ဒေါ်ယဉ်ယဉ်နု၊ ဦးစိုးအောင်၊ ဒေါ်အေးအေးသွင်၊ ဦးအောင်မြင့်လှိုင်(ကွယ်လွန်)တို့ ရှိပါသည်။

ဦးတင်မောင်၊ဒေါ်တင်အေးတို့သည် ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၃၃/B(မြေညီထပ်အောက်ခန်း)တွင် သားသမီးများနှင့်အတူ နေထိုင်ကြပါသည်။ ဒေါ်တင်အေးသည် ၃၀-၅-၂၀၀၁ရက်တွင်လည်းကောင်း၊ ဦးတင်မောင်သည် ၂၉-၁၀-၂၀၀၄ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့ပိုင် ပစ္စည်းများဖြစ်သော အထက်ဖော်ပြပါ တိုက်ခန်းနှင့် မော်တော်ယာဉ်အမှတ် ဘ/၆၅၁၀ တိုယိုတာ(အဖြူရောင်)အငှားယာဉ်တစ်စီးနှင့် အထက်ပါတိုက်ခန်းတွင် တပ်ဆင်ထားသော ဖုန်းအမှတ်-၂၂၃၀၆၃တို့ ကျန်ရစ်ခဲ့ပါသည်။ မိဘများကွယ်လွန်ပြီးနောက် ဒေါ်အေးအေးသွင် (အပျို)သည် အဆိုပါတိုက်ခန်း၌ အစ်ကို၊ အစ်မများနှင့်အတူ နေထိုင်ခဲ့ပါသည်။

ယခုအခါ ဒေါ်အေးအေးသွင်သည် မိဘများပိုင်ဆိုင်သော အရေးကြီးသည့် စာရွက်စာတမ်းများကို ယူဆောင်ပြီး ၆-၁-၂၀၀၅ရက်တွင် နေအိမ်မှထွက်သွားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်အေးအေးသွင်သည် ယူဆောင်သွားသော စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာပါပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း အစ်ကို၊ အစ်မများနှင့်သော်လည်းကောင်း၊ ကျွန်ုပ်နှင့်သော်လည်းကောင်း အမြန်ဆုံးလာရောက် တွေ့ဆုံဖြေရှင်းရန် သိစေအပ်ပါသည်။

မိဘများလက်ထက်က ကျန်ရှိသည့် ဖော်ပြပါ တိုက်ခန်း၊ မော်တော်ယာဉ်နှင့်တယ်လီဖုန်းတို့ကို ကျန်ရစ်သည့် သားသမီးအားလုံး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသဖြင့် ၎င်းပစ္စည်းများအား အမွေခွဲဝေခြင်းမပြုလုပ်ရသေးသဖြင့် ကျန်မောင်နှမများ သဘောတူခွင့်ပြုချက်မရှိဘဲ ၎င်းတစ်ဦးတည်း၏ဆန္ဒဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း သတိပေးတားမြစ်လိုက်ပါသည်။

ဒေါ်အေးအေးသွင်အား လက်ခံထားသူ၊ ဖြားယောင်းသွေးဆောင်ထားသူများအား ဥပဒေအရ တိကျစွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ညီအစ်ကိုမောင်နှမများ၏ လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နွယ်နီတင်**
တရားရုံးချုပ်ရှေ့နေ(၆၉၃၉)
အခန်းအမှတ်(၇)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းတရားရုံးရှေ့၊ မရမ်းကုန်းမြို့နယ်။

မီးသုံးစွဲလျှင် အသိယုဉ် အစဉ်သတိ အမြဲရှိ

Y.E.S. မှအင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English : JAN - 17,24,29
Pre - Intermediate English : JAN - 17,24,29
Vocabulary Enrichment Course : JAN - 24
Academic Writing, Intermediate English : Jan 29,31
IELTS,TOEFL,SAT(I),SAT(II),4 Skills,Basic Writing
No.158, 3rd Flr. 28th St.(Upper), Pabedan Tsp ☎ 243460

သင်တန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

SAYA-TONY

IELTS / TOEFL / FCE

ဒီသူး မိသားစု

H.S.S

ငါ့သရောက်–စိတ္တိန်းကျေးလက်ကျောက်ချောလမ်းဖွင့်

ညောင်ဦး ဇန်နဝါရီ ၇

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦး (ပုဂံ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ငါ့သရောက်–စိတ္တိန်း ကျေးလက်ကျောက်ချောလမ်း အရှည် ၁မိုင် ဝဒသမင်ဖာလုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် ညောင်ဦး(ပုဂံ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** **(မြို့နယ်စည်ပင်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောင်းဖြူကုန်းကျေးရွာတွင် သတ္တမအကြိမ် အလှူရှင်နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၅ ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

တံတားဦးမြို့နယ် အလင်းရောင်သစ် စာကြည့်တိုက်ဖွင့် သုတ၊ရသစာအုပ်များခင်းကျင်းပြသထား

တံတားဦး ဇန်နဝါရီ ၂

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကပ်ပြင်ကျေးရွာအုပ်စု အလင်းရောင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်နှင့် ကြပ်ပြင်ကျေးရွာဥက္ကဋ္ဌ ဦးဘိုပေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာပေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသူများက အလင်းရောင်သစ်စာကြည့်တိုက်ရှိသုတ၊ရသစာအုပ်များနှင့် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သာစည်မြို့နယ်၌ ကျေးလက်ကျောက်ချောလမ်းဖွင့်

သာစည် ဇန်နဝါရီ ၅

ကျေးလက်ဒေသ လမ်းပန်း ဆက်သွယ်မှု လွယ်ကူစေရေးအတွက် သာစည်–ကလောကားလမ်းနှင့် အုတ်ဖိုကျေးရွာဆက်သွယ်သည့် မြေသားလမ်းကို သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ ကျောက်ခင်းလမ်းအဖြစ် ငွေကျပ် ၂၅၅၀၀၀၀ အကုန်အကျခံဆောင်ရွက်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ ကျောက်ချောလမ်းကို (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(နယ်စပ်/စည်ပင်)

မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ အင်ဂျင်နီယာလမ်းသစ် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ အမှုဆောင် အရာရှိ ဦးလှမျိုးနှင့် တာဝန်ခံ မြို့နယ် အင်ဂျင်နီယာ ဦးသိန်းတို့က ဒီဇင်ဘာ၁၅ရက်ကကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၁၆၈)

အမရပူရမြို့နယ်တွင် စက်ရေတွင်းဖွင့်ပွဲကျင်းပ

အမရပူရ ဇန်နဝါရီ ၆

မန္တလေးတိုင်း အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မှန်ထန်းရပ်ကွက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီခွဲက အဆိုပါ စက်ရေတွင်းအနီး၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ နှစ်လက်မစက်ရေတွင်းနှင့်အတူ ရေဂါလန်၁၀၀၀ဆံ့အုတ်ရေကန်၊ အများသုံး ဂါလန်၆၀၀ ဆံ့ ရေကန်သုံးလုံး၊ ရေစက်ရုံနှင့် ရေစင်များ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၇၃၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(၃၁၃)**

ရေကြည်မြို့နယ်တွင်ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၂၁ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

ရေကြည် ဇန်နဝါရီ ၂

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့ အောင်ဆန်းရပ်ကွက် (၇)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၄ ရက် နံနက် ၈နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌဦးထွန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိန်မှန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်၆၃၂ပေ၊ အကျယ် ၁၂ပေရှိပြီး၂၀၀၄–၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် အဖွဲ့ခွင့်ပြုငွေ ကျပ်၂၁၁၄၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ ရက်က မအူပင်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဖတ်ကြားစဉ်။ (၄၂၁)

သာယာဝတီခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့

အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

သာယာဝတီ ဇန်နဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က အသက်(၇၅)နှစ်နှင့် အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ကျမ်းစာအုပ်များလှူဒါန်း

ပျော်ဘွယ် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်းစာချကထိကအာဂုံဆောင်ကျမ်းစာအုပ်များကျမ်းပြု အရှင် စန္ဒဇောတိ (ပါဠိပါရဂူ-ပိဋကတ် တစ်ပုံဆောင်) ရေးသားပြုစုထားသော အာဂုံဆောင်ငယ်ဇာတ်၊ အာဂုံဆောင် လတ်ဇာတ်၊ အာဂုံဆောင်ကြီးဇာတ်၊ သဒ္ဒါမေးကွက်အတွဲ(၁)၊ အတွဲ(၂)နှင့် သင်္ဂြိုဟ်မေးကွက်အတွဲ(၁)၊ အတွဲ(၂) အပါအဝင်အာဂုံဆောင်ကျမ်းစာအုပ်များကို ဒီဇင်ဘာ ၁၉ ရက်က ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက်သို့ ပေးပို့လှူဒါန်းရာ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ကောဝိဒ မထေရ်မြတ်က လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

ပျဉ်းမနားမြို့ ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ(၁၄)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ပျဉ်းမနားခရိုင်အသင်းခွဲ)မှ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်း၊ ခရိုင်အသင်းခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် ဆရာ ဆရာမများက ဇန်နဝါရီ ၁ ရက်က ဇီဝိတဒါနအဖြစ် တိုင်းရင်းဆေး ပေးအပ်လှူဒါန်းပြီး အဘိုး ၁၆ ဦးနှင့် အဘွား ၂၄ ဦးတို့အား ကျန်းမာရေးကြည့်ရှုစစ်ဆေးပေးစဉ်။ (၁၀၁)

ကျောက်ပန်းတောင်း အထက(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၄

ကျောက်ပန်းတောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်က အထက(၁)စကားဝါခန်းမတွင် ကျင်းပသည်။

ဆုံးမဩဝါဒ

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသော ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီးများကို ထောက်ပံ့လှူဒါန်းမှုပစ္စည်းများနှင့် ကန်တော့ကြရာ **(ဝဲပုံ)** ဆရာကြီး ဦးသိန်းမြင့်(ငြိမ်း)က ဩဝါဒ အမှာစကား ပြောကြားသည်။ **(ဝ၆၁)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေး

ရေနံချောင်း ဇန်နဝါရီ ၃

ရန်ကုန်မြို့ ကျန်းမာရေးစီမံကိန်းဦးစီးဌာန UNFPA နှင့် JOICFA တို့ ပူးပေါင်းစီစဉ်၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးစီမံချက်လုပ်ငန်းဖြစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများတွင် ပြည်သူများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက်က မကွေးတိုင်းရေနံချောင်းမြို့နယ် ဆေးရုံသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်သန်းဦး **(အောက်ပုံ)**၊ မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လှမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဦးလွင်တို့က အမှာစကားပြောကြားကြသည်။ **(၃၈၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

အားကစားဝန်ကြီးဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရေဦး ဇန်နဝါရီ ၅

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ရေဦးမြို့ မြို့မအားကစားကွင်းတွင် ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အောင်မင်္ဂလာရပ်ကွက် အမျိုးသမီးဘောလုံးအသင်းနှင့် ဗိုလ်အောင်ဇေယျရပ်ကွက် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အောင်မင်္ဂလာရပ်ကွက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ပထမဆုရ အောင်မင်္ဂလာရပ်ကွက် အမျိုးသမီး ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေကျပ် တစ်သိန်းခွဲကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ နာယက ဒေါ်ခင်အေးဆွေက ဒုတိယဆုရ ဗိုလ်အောင်ဇေယျရပ်ကွက် အမျိုးသမီးဘောလုံးအသင်းအား ဆုငွေ ကျပ်တစ်သိန်းကိုလည်းကောင်း၊ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တာဝန်ရှိသူတို့က တတိယဆုရ မန်ကျည်းတောကျေးရွာအမျိုးသမီးဘောလုံးအသင်းအား ဆုငွေကျပ် ၇၅၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၃၇၈)**

တရားရုံးစာရေးဝန်ထမ်းများ လုပ်ငန်းခွင်သင်တန်းဖွင့်

ဘားအံ ဇန်နဝါရီ ၁

ကရင်ပြည်နယ် တရားရုံးစာရေးဝန်ထမ်းများလုပ်ငန်းခွင် သင်တန်းအမှတ်စဉ်(၂/၂၀၀၄)ဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ဘားအံမြို့ ကရင်ပြည်နယ် တရားရုံး သင်တန်းခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင်ပြည်နယ်တရားသူကြီး ဦးမျိုးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းပို့ချရာ သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့နယ်တွင် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

မောင်တော ဇန်နဝါရီ ၄

မောင်တောမြို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာအားကစားလ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအစီအစဉ်အရ အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၄ရက် စနေနေ့ နံနက် ၅နာရီခွဲက မောင်တောမြို့ မြို့မနာရီစင်လမ်းဆုံစုရပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အားကစား ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးမှ ပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ခန့်သည် မြို့မနာရီစင်လမ်းဆုံမှ သုံးမိုင်စခန်းသို့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာသမိုင်းအဖွဲ့သည် ပညာရပ်ဆိုင်ရာတာဝန်ရှိမှုစံများနှင့် စိန်ခေါ်မှုများကို အစဉ်တုံ့ပြန်ခဲ့ အဖွဲ့၏လုပ်ဆောင်ချက်များသည် သမိုင်းကိုစိတ်ဝင်စားလာအောင် မြန်မာ့လူ့ဘောင်ကို ဆော်သြပေးနိုင် သမိုင်းပညာလေ့လာမှု ဖွံ့ဖြိုးတိုးတက်လာရေး နိုင်ငံတကာသုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဦးကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **စာမျက်နှာ ၇ ကော်လံ ၁** ✡



ဇန်နဝါရီ ၁၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်း ဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေ ရေအရင်းအမြစ်စုဆောင်းရရှိနိုင်သည့်ကန်ငယ်များ ပြုပြင်တိုးချဲ့

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ "အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အသက်တမျှ အရေးကြီးသောညီလာခံကြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် ခိုင်မာသောအခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးအနှစ်သာရ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ကျင်းပနေ။"

ခေါင်းကြီး(စာ-၂)

❒ "အစိုးရအဆက်ဆက် ကြိုးပမ်းသော်လည်း အကောင်အထည်မပေါ်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တပ်မတော်အစိုးရက ရယူတည်ဆောက်ပေးနိုင်ခဲ့တယ်၊ ဒါဟာ စေတနာမှန်တဲ့ ကံတရားပဲကွယ့်။"

မောင်ကာဠု၏ဆောင်းပါး(စာ-၁၀)

ဇန်နဝါရီ ၁၂ ရက်က ပထမအကြိမ် အရှေ့တောင် အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ အမျိုးသား Compound မြားပစ် ပြိုင်ပွဲများတွင် ရွှေတံဆိပ် သုံးခု ရယူပေးသူ ပေါ်ဦး(မြန်မာ) အား ဆုများနှင့်အတူ တွေ့ရစဉ်။

(သတင်းအကျယ်-၁၃)

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



အသက် ၁၉ နှစ်ရှိ လူမျက်နှာနှင့်ငါး

အသက် ၁၉ နှစ်ရှိပြီဖြစ်သော လူမျက်နှာပုံနှင့် ငါးကြင်းတစ်ကောင်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် တောင်ဘက် ၈၈ မိုင်ခန့်အကွာ ချောင်ဂျူမြို့ရှိ အိမ်တစ်အိမ်တွင် မွေးမြူထားသော ငါးကြင်းမျိုးစိတ်ဝင် ငါးနှစ်ကောင်မှာ ယခုအခါ တစ်ကောင်လျှင် သက်တမ်း ၁၉ နှစ်ရှိပြီဖြစ်ကာ မျက်နှာပြင်သည်လည်း လူတစ်ဦး၏ မျက်နှာပုံသဏ္ဍာန်ရှိပြီး အရှည်မှာ စင်တီမီတာ ၈၀ နှင့် စင်တီမီတာ ၅၀ (လက်မ ၂၀) ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

လီယိုနာဒိုဒါဗင်ချီ၏ ပန်းချီဒီဇိုင်း

ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ၏ စက်ဘီးဒီဇိုင်းပုံအတိုင်း ပြုလုပ်ထားသည့် သစ်သား စက်ဘီးတစ်စီးကို တွေ့ရစဉ်။**(အောက်ပုံ)**

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က ကမ္ဘာတစ်လွှား အောင်မြင်ကျော်ကြားခဲ့သော ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီသည် ပန်းချီရေးဆွဲခြင်းအပြင် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် ဒီဇိုင်းပုံစံများကိုလည်း ရေးဆွဲခဲ့ပြီး ၎င်းရေးဆွဲခဲ့သည့် ဒီဇိုင်းပုံစံများအတိုင်း ထုတ်လုပ်ခဲ့ရာတွင် အောင်မြင်ခဲ့ကြောင်းလည်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**